
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့အရေး အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
နတ်ရှာမိုး
ချစ်ယကြော / နတ်ရှာမိုး။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၁။
၁၄၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) နတ်ရှာမိုး

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် ၅၀၀၄၄၅၀၅၁၁။ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၅၀၄၀၉၁၁၊

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**


အောင်မြင်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

၅၄၁၇၄၅၊ ၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁၊ ၀၉ ၅၀ ၂၁၃၅၄ ။

ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊ (ဖေဖော်ဝါရီလ)၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ် ။




"မှသားမပါ
လက်ာမချော..."တဲ့။
မှသားလေး တစ်ခါသုံးမိတယ်
အဲဒီမှသားကို ဖုံးဖို့
သုံးလိုက်ရတဲ့မှသားတွေ
ဆုံးကို မဆုံးတော့ဘူး။ ။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၁)

"ဟော့ကောင်. . . ငရဲ၊ အဲ့ဒါတော့ မင်းစကားက လွန်လွန်းသွားပြီ. . . များသွားပြီ၊ နည်းနည်းလျှော့လိုက်၊ တစ်ပတ်အတွင်းလောက် ထားလိုက်"

"မထားနိုင်ဘူးကွာ. . . တစ်နာရီအတွင်းပဲ မင်းသိဏ်း၊ မင်းမယုံရင် ငါ ကားတံခါးကို ဂျိတ်ခနဲ ပိတ်တဲ့အချိန်ကစပြီး နာရီကြည့်ထားလိုက်၊ တိုင်မာပါရင် တိုင်မာပါ မှတ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် အလောင်းအစား လုပ်နေပုံကို သူတို့အား ညီလို ချစ်သော(လုပ်ငန်းပြင်ပ၌ သူငယ်ချင်းလို ပေါင်းသော) သူတို့ M.D အစ်ကိုကြီးရဲထင်ကျော်က စားရင်းသောက်ရင်း ပြုံး၍သာ ကြည့်နေသည်။

ဦးရဲထင်ကျော်နှင့် မင်းသိဏ်းသည် သည်လိုရုံးပိတ်ရက်မျိုးတွင် သူ့ကို လာခေါ်တတ်သည်။ ဦးရဲထင်ကျော်က ခရိုမီယမ် ဆောက်လုပ်ရေးကုမ္ပဏီ၏ ဦးဆောင်ညွှန်မှူး (M.D)ဖြစ်သည်။ သူနှင့်မင်းသိဏ်းကို ကျောင်းဆင်းဆင်းချင်း ခေါ်ခန့်ခဲ့ခြင်းဖြစ်သည်။

သူတို့ထက် နှစ်တန်းကြီးသော်လည်း ကျောင်းမှာကတည်းက သုံးယောက်တတွဲတွဲ။ ငရဲကြီး၊ ငရဲလေး၊ သေမင်းဟု လူသိများသည်။

"ဟော့ကောင် မင်းသိဏ်း. . သေမင်း၊ မင်းသိပါတယ်၊ နတ်ဘုံသွားမယ့် ငရဲလေးခေါ် 'ကိုရဲ' အကြောင်း"

"သိပါတယ်ကွာ. . လက်လှလှလေးက လာဆွဲရင် ငရဲထိ လိုက်မယ်ဆိုတဲ့ကောင်မှန်း"

ကိုကြီးရဲက ဘီယာဘူး ပြန်ချရင်း ဝင်ဖောက်ခြင်းဖြစ်ပါသည်။

"ငရဲကြီးရှစ်ထပ်ရောက်မှ မျက်နှာမော့ကြည့်ပြီး ဒီကောင်သိတော့တာ မင်းသိမ်းရေ၊ ဟိုက်. . . ဒါ သေမင်းနဲ့မယ်ဝဏ္ဏ စပ်ကျ





တဲ့ ဘီလူးမလေးမှန်း၊ ဒီကောင် တန်းနေအောင် လစ်တော့တာ"

အထက်အရာရှိ ဟာသဖောက်လျှင် အောက်ဝန်ထမ်းတွေက သာသာပိုပို ရယ်ပေးရသော ခလေ့ကလည်း ရှိပေ့မှုတ်လား။

နှစ်ယောက်သား တဝါးဝါးနေစဉ်. . .

စောစောစီးစီး. လာသောက်သော(အလောင်းအစားကို ကြားနေသော)ဘေးဝိုင်းတစ်ဝိုင်းနှစ်ဝိုင်းကပါ ဝိုင်းရယ်ကြသည်။ ခေတ်မီအေးချမ်း၍ သီချင်းမဖွင့်သော (ရွှေပွင့်ဖြူ) အဆင့်မြင့် စားသောက်ဆိုင်ပေကိုး။ သူက လက်ညှိုးထိုးရင်း. . .

"ဟာ. . . ဒီကောင် မင်းသိမ်း. . . သေမင်း၊ ဩော်. . . မယ်ဝဏ္ဏနဲ့ ဆင်းညားနေတာကိုး၊ လက်စသတ်တော့ ဒါဟာ လူ့ပြည် သာယာနေခြင်းရဲ့အကြောင်းရင်းပေကိုး"

"မင့်မေကလွှား. . . မင်း ငါ့သမီးနဲ့ ညားပြီး ငါ့သားမက်ဖြစ်နေပြီ၊ ယောက္ခထီးကို အဖအရာထားပြီး လေးစားစမ်း၊ ငါ့သား ငရဲကြီးမှာစိုးလို့ ပြောနေတာ"

"ဟာ! ကိုကြီးရဲ စကားထဲမှာ ငါထွက်ပြေးတယ်လေ"

"မလွတ်ပါဘူးကွာ. . . ယမမင်းက ဒင်း နောက်လည်း ဆင်းလာရမယ့်အတူတူ လူ့ပြည်မှာ သူတော်ကောင်းတွေကို အလှူ အပူ မပေးခင်ဆိုပြီး သူကိုယ်တိုင်ပဲ ဘိသိက်သွန်းပေးခဲ့တာ"

အစုံကြော် လာချပေး၍ စကားစ ပြတ်သွားသည်။ ရုံးနှင့်



www.burmeseclassic.com

www.burmeseclassic.com



SITE ထဲတွင် အထက်အရာရှိ(ဘောစိ)နှင့် ဝန်ထမ်းလိုနေသော်လည်း အပန်းဖြေချိန်၌ ကျောင်းတုန်းကလိုပင် သူငယ်ချင်းတွေ ပြန်ဖြစ်သွားကြသည်။ ဤအရသာကို ခံမင်ကြသည်လေ။ ကျောင်းနှင့်ခွဲခဲ့တာ ခုဆို ငါးနှစ်တွင်း ချဉ်းနင်းဝင်ရောက်ခဲ့ပေပြီပဲ။

ကိုကြီးရဲက ဘီယာထပ်မှာရင်း . .

"ဆက်စမ်းပါဦးကွ. . . အခုနစကား၊ ငါဝင်မဖောက်ခင်က စကားလေ"

"ဘာစကားပါလိမ့် ကိုကြီးရဲ"

"ဟော့ကောင် သေမင်း. . . မင်းသိပါတယ်၊ နတ်ဘုံသွားမယ့် ငရဲလေး ခေါ် 'ရဲကို' အကြောင်းဆိုတာလေ"

"အဲ့ဒါက တစ်နာရီအတွင်း အလောင်းအစားကိစ္စ၊ သေမင်း ရှုံးမှာစိုးလို့ သနားလို့ သတိပေးတဲ့စကားပါ၊ ကျွန်တော်က မိန်းကလေး လှလှလေးတွေ ဝိုင်းကြိုက်တဲ့ကောင်လေ"

မင်းသိမ်းက မေဂျာ KING ရသူဖြစ်သည်။

ဒီကောင်က မိန်းမချော။

"ဟော့ကောင် ငရဲ၊ မေဂျာ KING က ဘယ်သူလဲ"

"အဲ့ဒီကောင်က မိန်းမချော,ချောလို့ ရုပ်သန့်လို့ ရတာပါကွာ၊ ချစ်မွေးတစ်မျှင်မှ မပါတဲ့အပြင်၊ အာဝဇ္ဇန်းကလည်း မရှင်. . . တစ်ဏှုပ္ပတ္တိ ဉာဏ်ကလည်းမရှိ"





"တော်. . တော်. . ဟော့ကောင်၊ ငရဲ မင်းကော ဟိုဟာတွဲ သည်ဟာတွဲ၊ အတည်ပေါက် ဘယ်ဟာစွဲခဲ့သလဲပြော"

"ဟာ!. . တစ်ယောက်နဲ့ မူပိုင်တံဆိပ် ကပ်လိုက်ရင် ကျန်တာတွေ မတွဲရတော့ဘူးပေါ့ ငတုံးရ၊ ငါတကယ်ကြိုက်တာ ရှိတယ်"

"ဘယ်သူလဲ!"

"မင်းညီမ"

"ငါ. . . . . . . . ."

"ဟော့ကောင်. . . M.D ရှေ့မှာ"

ဦးရဲထင်ကျော်က ညီငယ်နှစ်ကောင်ကို ပြုံး၍သာ ကြည့်နေသည်။

"ကဲ. . . မောင်မင်း ချစ်မွေးကို ပြသဖို့ အချိန်တန်ပေပြီ၊ KING ဖြစ်တဲ့ ငါကိုယ်တော်မြတ် တစ်နာရီအတွင်း ရှုစားတော်မူမယ်၊ စည်းကမ်းချက်တွေကတော့ ဒီမှာလည်း နန်းရင်းဝန်သက်သေ သိနေတဲ့တိုင်း"

"ဟော့ကောင်. . . လူကြီးဆွဲမထည့်နဲ့၊ မင်းနဲ့ငါပဲ လောင်းတာ"

"ဟာ!. . ဘောလုံးတောင် ဒိုင်ရှိမှ လောင်းလို့ရတာ၊ ဒီပွဲမှာ ကိုကြီးရဲ. . ဒိုင်ကွ၊ လူကြီးကို သက်သေထားတာ"

"အေးပါ. . . ထားပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကတိအတိုင်း တစ်နာရီအတွင်း မင်းဟိုနားက စားပွဲကို ခေါ်လာမယ့် မိန်းကလေးဟာ လက်ရှိ တက္ကသိုလ်ကျောင်းသူဖြစ်ရမယ်. . . အစစ်နော်၊ မင်းနဲ့ ဒီနေ့မှ စတွေ့သူ ဖြစ်ရမယ်၊ မင်းကြိုက် ဖြစ်ရမယ်၊ အထက်တန်းကျရမယ်၊ အင်း!. . ပြီးတော့ အမှန်အကန် ဖြစ်ရမယ်နော်"

"ပြောပြီးသားတွေပါကွာ. . မင်းနဲ့ငါ ဒီလောက်ပေါင်းသင်းလာတာပဲ၊ အင်ဆိုရင် ဟင်ခနဲနေတာက ငါပါကွ. . . မင်းသာ. . "

"ဟေ့ကောင်. . . ငါကကော ဘယ်တုန်းက အင်ထုလို့လဲ"

ဦးရဲထင်ကျော်လက်ဝါး နှစ်ဦးကြားသို့ ထိုးဝင်လာသည်။

"တော်ကြပါတော့ကွာ. . . ငါက ဒိုင်ဆိုရင် ကြားဝင်ပြီ၊ မင်းတို့ ကန်တဲ့ပွဲက အသားတန်း ငါးတန်းက ကက်ကက်လန်ရန်ပွဲ ဖြစ်နေပြီ၊ ရဲကို ခေါ်လာတဲ့ကောင်မလေးကို ငါပဲ အဆုံးအဖြတ်ပေးမယ်၊ အင်လား. . အမှန်လားလို့၊ ကဲ. . . ဟုတ်ပြီလား"

"ဟုတ်ကဲ့"

"ဟုတ်ကဲ့"

"ဒါဆို လောင်းကြေးက ဘာလဲ!"

"သေမင်း. . . ဘာကြေးလဲ မင်းပြော"

"ငါက အပေါ်ကြေးပါကွာ ငရဲရာ၊ မင်းကြိုက်တဲ့ကြေးထပ်၊ မင်းပြောသမျှ သဘောတူပြီးသား"





ခဏစဉ်းစားသည်။

"ဒီဝိုင်းရှင်းကြေးရယ်. . . ရှော့ပင်းမောလ်မှာ ဘီလ်ရှင်းကြေး"

"ကြိုက်တယ်"

"ဖျောင်း"

လက်ဝါးချင်း ရိုက်လိုက်ကြရင်း သေမင်းက. . .

"ဘီလ်မလောက်ရင်တော့ ငါ့ဆီက ငွေမချေးကြေး"

"မင်းကများကွာ. . . ကဲ. . . လက်နက်အနေနဲ့ ဒိုင်လူကြီးက ကားသော့ပေး"

"ရော့. . . ဗျား"

"မင်းက ဗစ်စစ်တင်းကတ်ပေး၊ ကုမ္ပဏီဗစ်စစ်တင်းကတ်အထူးလိုအပ်တယ်၊ ငါ့မှာ ပါမလာဘူး"

"ဟာ. . . ငါလည်း ထည့်မလာမိဘူး"

မင်းသိဏ်းက အိတ်စုံ စမ်းရင်း ပြောခြင်းဖြစ်သည်။

ဆက်၍. . .

"ဘာလိုအပ်လို့လဲကွ. . . *'အစ်ကိုက အင်ဂျင်နီယာပါ. . . ငထောပါ၊ လိုက်ခဲ့ပါ'* ပြောလို့ လိုက်လာရင် မင်းဟာမ အင်ဖြစ်သွားမှာပေါ့"

"ယုံကြည်မှု တည်ဆောက်တာကွ၊ သူယုံမှ လိုက်မှာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ပုရိသထဲမှာလည်း မင်းလို ရုပ်ကလေး သနားကမား၊ ကားနဲ့ အင်တွေ အများကြီး"

ဒိုင်လူကြီး လက်ဝါးနှစ်ယောက်ကြား တားရပြန်သည်။

"တော်ကြပါတော့ကွာ. . ခရိုမီယမ်ကုမ္ပဏီဗစ်စင်းတင်းကတ်ပြား ဘယ်နေရာသွားသွား ဆောင်ထားကြဖို့ ငါပြောထားသားနဲ့. . . မင်းတို့ကွာ၊ ရော့. . . ငါ့ကတ်ယူသွား"

မှန်ပါသည်။ ကုမ္ပဏီကတ်ပြားကြောင့် ကုမ္ပဏီကို လူသိများစေသည်။ အခန်းရောင်း အခန်းဝယ်နှင့် ဆောက်လုပ်ရေး အလုပ်အပ်ချင်သူ ဖောက်သည်တိုးပွားစေသည်။ V.C ကတ်ပြားကြောင့် ကိုင်သူကို ဂုဏ်တက်စေသည်လည်း မဟုတ်ပါလား။

အဆူခံရသည်ကို ခေါင်းငုံ့၍ ကတ်ကို ယူလိုက်သည်။ စားပွဲပေါ်က ကားသော့နှင့် သူ့ဖုန်းကို ယူ၍. . .

"သူငယ်ချင်း. . . နာရီကြည့်ထား၊ ဂျိတ်ခနဲ ငါ ကားတံခါးပိတ်မှ ပြိုင်ပွဲစမှာနော်"

"အိုကေ"

ဤသို့ဖြင့်. . .

၅ ၅ ၅ ၅





ဂျိတ်!. . .

နာရီကြည့်လိုက်သည်။ ၈း၁၅။

ရွှေပွင့်ဖြူစားသောက်ဆိုင်ထဲက သူထွက်ရန် ခေါင်းပြူ၍ ကားရှင်းမရှင်း ကြည့်ရင်း ခေါင်းစားလိုက်သည်။

ငါ ဘာစလုပ်မလဲ။ တက္ကသိုလ်ကျောင်းသူအများစု ရှိသည့်နေရာ။

အိုကေ. . . ရပြီ၊ ရှင်းပြီ၊ မောင်းထွက်သည်။

အရှေ့အုတ်ကျင်းလမ်းဆုံသို့ မောင်းရင်း မိန်းကလေးအများစု မလွတ်တမ်း ဝါသနာပါတာ ဘာဖြစ်မလဲ။ မြို့ပတ်ရထားလာနေ၍ ဂုံးကျော်တံတား ခဏမိသည်။ စဉ်းစားချိန် လေးမိနစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး(၇၀)ရာခိုင်နှုန်း စိတ်ဝင်စားတာ (. . . . . )တဲ့။ ဖတ်ဖူးတဲ့ စာအုပ်တစ်အုပ်မှ။

"ပူး. . . "

မြို့နယ်တရားရုံးနောက်က ဆုတောင်းပြည့်စေတီရှေ့ ခဏ ရပ်၍ ဘုရားဝင်းထဲ သုံးမိနစ် အချိန်ဖြုန်းပစ်မိပြန်သည်။

ဝယ်လာသောပစ္စည်းအချို့ ကားနောက်ခန်းခုံပေါ် အသာ အယာ တင်သည်။ တံဆိပ်တုံးတစ်ခုပါသော စာရွက်တစ်ရွက်သာ ပါသည်။

ကန်ပေါင် စားသောက်ဆိုင်တန်းသို့ ဦးတည်လိုက်သည်။ ကိုအောင်ဒင့် ဆိုင်ဆီ။

"ကွီ"

ကားပေါ်မှ မဆင်းသေးဘဲ လေကာမှန်ကို ဖြတ်၍ ဆိုင်ထဲ အကဲခတ်လိုက်သည်။ ဟား. . . ။

ဟိုး. . . စားပွဲပေါ်မှာ တစ်ယောက်တည်း ခပ်ပျော့ပျော့ အဝါနှင့်ရွှေအိုရောင် ချပ်ဝတ်ဒွါဒရာထဲမှာ နတ်သမီးလေး တစ်ပါး တည်း စာအုပ်ဖတ်နေသည်။

သူမြင်ဖူးသည်။

အင်း. . . နေပါဦး။

သူ့နာမည် ငါသိပါတယ်။





ပြန်စဉ်းစားစမ်း. . . ဟုတ်တယ်။

အဲ့ဒီနေ့က. . . ငါ SITE ထဲကအပြန်. . .

ကြေးအိုးဝင်သောက်တယ်. . . ငါတစ်ယောက်တည်း သူနဲ့ တစ်စားပွဲစာ ခြားနေတယ်။

နှုတ်ဆက်ထွက်သွားတဲ့ မိန်းမလှနှစ်ယောက်က. . .

"တင်တင်မေဝင်း. . . တစ်ယောက်တည်းလား" တဲ့။ ဟုတ်ပြီ။

တင်တင်မေဝင်း. . . ။ စနေသမီး။

ဒက်ရှ်ဘုတ်ပေါ်က စာရွက်လှမ်းယူ၍ စာကြောင်းတစ်ချို့ စာရွက်ပေါ် အမြန်ဆုံး ညှစ်ချလိုက်သည်။

ကံကြမ္မာ၏မျက်နှာသာပေးမှုလား၊ ဘုရားသခင်၏စောင်မ မှုပေပဲလား၊ အင်း. . . နတ်ဆိုး၏တွန်းပို့မှုတော့ မဖြစ်ပါစေနဲ့။

ကလစ်ခနဲ တံခါးဖွင့်မဆင်းမီ ဘက်မှန်ထဲ သူ့ကိုယ်သူ ကြည့် လိုက်မိသေးသည်။ စိတ်ခွန်အားအပြည့်အဝနှင့် သူ ဆိုင်ထဲ ဝင်ခဲ့ သည်။

စာအုပ်ငုံ့ဖတ်နေသော သူမစားပွဲသို့ပင် တန်းတန်းမတ် မတ် လျှောက်သွားပြီး ပုံမှန်အသံ ပုံမှန်မျက်နှာထားနှင့်. . .

"ကျေးဇူးပြုပြီး ထိုင်မယ်နော်"

သူမ မော့ကြည့်ပြီး ဖျတ်ခနဲ အကဲခတ်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါရှင်. . . ရပါတယ်"

စာအုပ်ဆီ ပြန်ငုံ့သွားသည်။ တော်တော်ချောတာပဲ၊ ဖြစ်ပါ့မလား၊ စားပွဲပေါ် မှာလည်း ကားသော့နှင့်။

သူထိုင်ချလိုက်သည်။ မျက်နှာချင်းဆိုင် မထိုင်။ မျက်နှာမူရာ အရပ် ထောင့်မှန်အနေအထား။ ဒါက အကြောင်းရှိသည်။

"ဟာ!. . . အစ်ကို မလာတာ ကြာပြီနော်"

"အေးကွာ. . . အလုပ်တွေ ပိနေလို့"

"ဘာစားမလဲ ဘာသောက်မလဲ အစ်ကို"

"COKE တစ်ဘူးရယ်. . ပူတင်းတစ်ပွဲ၊ နောက်ပြီး ငါးသုံးလုံး တစ်ဘူး. . . ဒါပဲ"

သူမကို လုံးဝ ဂရုမစိုက်ဟန်ဖြင့် ကန်ဘက်ကို လှမ်းကြည့်ရင်း သက်ပြင်းအခါခါ ချရင်း စာရွက်ကလေးကို ဖြန့်ဖတ်နေလိုက်သည်။

မိန်းမလှများသည် ယောကျ်ားလေးချောချောက ဂရုမစိုက်သလို နေခြင်း၌ ပျော်ပိုက်လေ့မရှိ။ သူ့ကို. . . သူမ အသေအချာ လေ့လာအကဲခတ်ခွင့်လည်း ပေးထားခြင်းဖြစ်သည်လေ။

မှာထားသည်များ ရောက်လာ၏။

သူမ ဖတ်နေသော ကဗျာစာအုပ်က. . .

ဆရာထွန်းဝေမြင့်၏ "တီကောင်နှင့်စကြာဝဠာ" ဖြစ်နေ





သည်။ သူ စီးကရက်တစ်လိပ် ဆွဲထုတ်၊ ပါးစပ်၌တပ်၊ ရွှန်ဆင်မီးခြစ်ကို မီးခတ်ပြီးမှ ဖျတ်ခနဲ ပြန်သတ်ကာ. . .

"ဒီ. . ဒီမှာခင်ဗျ. . . ကျွန်တော် စီးကရက်သောက်ရင် ဒီက စိတ်အနှောင့်အယှက်များဖြစ်နေမလား၊ တစ်ချို့က စီးကရက်အနံ့ကို မုန်းတတ်လို့ မေးတာပါ"

"ကျွန်မက စီးကရက် မီးစွဲလောင်နေတဲ့အနံ့ကို ပိုတောင်ကြိုက်သေးတယ်"

"ဒါဆို စီးကရက်တစ်လိပ် မီးညှိပြီး အဲ့ဒီပြာခွက်ထဲ ထည့်ပေးထားရမလားဟင်"

သူလေ့ကျင့်ထားသော မင်းသားကြီးခင်မောင်ရင်၏အပြုံးကို အားထည့်ပြုံးရင်း ပြောလိုက်ခြင်းဖြစ်သည်။

သင်း. . . ခံနိုင်ရိုးလား။

(MRTV တွင် ဗိုလ်အောင်ဒင်ကားကို မှုန်ဝါးဝါး ကြည့်ဖူးသည်။)

သူမကလည်း ဖွေးလက်နေသော သွားပုလဲတန်း ပေါ်အောင် ပြန်ပြုံးရင်း. . .

"တန်ဖိုးကြီး စီးကရက်တစ်လိပ် အလဟဿ ဆုံးမှာပေ့ါ၊ ကျွန်မ မရှူလည်း ရတာပဲ"

"ကျွန်တော်လည်း စိတ်ညစ်လွန်းမှ သောက်တာ၊ ကဗျာ



www.burmeseclassic.com

www.burmeseclassic.com



ဆရာ ကိုအောင်ချိမ့် ပြောသလို ဆေးလိပ်သောက်ခြင်းဟာ ခေတ်မမီမှုပဲတဲ့၊ ရိုးရိုးလေးနဲ့ လှတယ်နော်. . ၊ ဒီကလည်း ကဗျာခုံမင်ပုံရတယ်၊ အဲ့ဒါ ထွန်းဝေမြင့်ရဲ့ကဗျာစာအုပ် ထင်တယ်"

"ဟုတ်တယ်. . . ခေါင်းစီးနာမည်ပေးပုံ ဆန်းတယ်. . . ရိုးစင်းတယ်"

ဖြန့်ထားသောစာအုပ်ကို ကောက်ကိုင်၍ အဖုံးဘက်က ပြသည်။

"ကဗျာခုံမင်သူချင်းဟာ ရင်းနှီးလွယ်တယ်တဲ့"

ပြောရင်း အိတ်ထဲက ဗစ်စစ်တင်းကတ်ကို လှမ်းပေးလိုက်သည်။ သူမ ခဏတွေနေပြီးမှ လှမ်းယူသည်။ ဖတ်ပြီး စားပွဲပေါ် ချထားသည်။

"ကျွန်မက တွေ့တွေ့ချင်း မရင်းနှီးတတ်ဘူးရှင့်"

ဟာ. . . မီးဝါစပြုပြီထင်သည်။ မနီခင်. . .

"နာမည်မပြောချင်ရင် နေပါ. . . ဘာနေ့သမီးလဲဟင်!"

"စနေသမီး. . . နေတက်ရေတက် ရာဟုဖွား၊ ဘာလုပ်မလို့ မေးတာလဲ!"

သူမ မျက်နှာက ပုံမှန်ပြန်ဖြစ်သွား၏။

"ဖြစ်နိုင်ရင် ကူညီပါ၊ မဖြစ်ရင်တော့ ကျွန်တော့်မေမေ ကုသိုလ်ကံပါပဲ၊ ရော့. . . ဒါလေးဖတ်ပေးပါ"





"သောက်နိန်းလွှတ်ယတြာ"

စနေနေ့မနက် (၉း၁၆)နာရီ မတိုင်ခင်
ရွှေဝါရောင်ဝတ်ဆင်ထားသော
မိန်းကလေးအား
ရွှေ နာမည်ပါသော
စားသောက်ဆိုင်တွင်
ရွှေတောင်ခေါက်ဆွဲ
တစ်ပွဲကျွေး၍ မိတ်ပေးထားသော
တံခွန်ကုလ္လား စနေထောင့်မှ
ဘုရားလှူပြီ...
ဒေါ်ရွှေရွှေ သောက်နိန်းမှ
မုချလွှတ်မြောက်မည်။

ဇော်ထွန်းစန်း(B.A)
ဆန်းကျမ်း၊ ယတြာ
ဗေဒပိဋ္ဌာ

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



သူမ ဖတ်နေစဉ် သူက ခပ်ဆွေးဆွေး အဝေးသို့ လှမ်းကြည့်ဟန် ဂိုက်ဖမ်းထား၏။ သူမ ဖတ်ပြီး သူ့ကို ခပ်တွေတွေ ကြည့်လာသည်ကို မျက်လုံးထောင့်မှ မြင်ရမှ. . .

"ခြောက်မိုင်က ညီမဝမ်းကွဲကို ရွှေဝါရောင် ဝတ်ခိုင်းထားပြီး အုတ်ကျင်းက ရွှေပွင့်ဖြူမှာ ရွှေတောင်ခေါက်ဆွဲ စားဖို့ ချိန်းပြီးသား၊ ဖြစ်ချင်တော့ ညီမလေး ဒီမနက်ပဲ ဆေးရုံတင်လိုက်ရတယ်၊ အစာအဆိပ်ဖြစ်လို့တဲ့၊ ရုံးဝန်ထမ်းတွေ အသိတွေက မြို့သစ်တွေမှာ၊ အချိန်က ကပ်နေပြီ၊ ဒီနားရောက်တော့ တစ်ယောက်ယောက်တော့ အဝါဝတ်ထားမှာပဲဆိုပြီး ဝင်ကြည့်တာ ဒီကကို မြင်လို့ ဝင်ထိုင်တာပါ"

"ရှင်က ပညာတတ်ဖြစ်ပြီး ဗေဒင်ယတြာ ယုံသလား!"





"ယုံတယ်တော့ မဟုတ်ပါဘူး၊ အင်မတန်ယုံတဲ့ မေမေ ယူလာတဲ့ယတြာမို့ မလုပ်ပေးလိုက်ရလေခြင်းလို့ နောင်တမရချင်လို့ပါ"

ထိုစဉ် သူမသူငယ်ချင်းဖြစ်ပုံရသူနှစ်ယောက် ဝင်လာသည်။

"မိန်းမတွေ. . . ဘယ်က မျက်စိလည်လာသလဲ၊ ထိုင်. . . အေးသီတာနဲ့ မာလာ"

ထိုစဉ် သူမဖုန်းက ထမြည်လာသည်မို့ ခဏပြောပြီး ထသွား၏။

မိတ်ဆက်ပေးခဲ့၍ ပြုံးပြခေါင်းညိတ် မျက်နှာပူပူ အူကြောင်ကြောင် ထိုင်နေရသည်။

နာရီကြည့်တော့ (၈း၄၀)။

အင်း. . . သူမ ငြင်းရင်တော့ ငါ လှလှပပ ကွဲပေါ့။

သူ ဘီလ်ရှင်းလိုက်သည်။

သူမ ပြန်လာသည်။ ပြုံးပြသည်။

ဝမ်းသာလုံး ဆို့ရမလား။ တစ်ရမလား။ ဘုရားတမိသည်။

သူမ နာရီကြည့်သည်။

"အုတ်ကျင်း ဘုတာရုံလမ်း ရွှေပွင့်ဖြူနော်"

"ဟုတ်ကဲ့"

"ကျွန်မလိုက်မယ်၊ ရှင် ကားပေါ်က သွားစောင့်"



www.burmeseclassic.com

www.burmeseclassic.com



အိုကေ. . . စိတ်ကူးထဲ ရဟူးဟု ခုန်ပေါက်အော်ဟစ်၍ ပစ်ချင်လိုက်သည့်ကျွမ်း၊ ရှေ့ကျွမ်း၊ နောက်ကျွမ်း။

ကားနားရောက်မှ ဖုန်းဆက်ရသည်။

"ဟော့ကောင် သေမင်း၊ အမြန်ဆုံး ဘီယာဝိုင်းသိမ်းလိုက်"

"ဘာ. . ဘာဖြစ်လို့လဲ"

"ခဏသိမ်းခိုင်းတာ ဟော့ကောင်၊ ကိုရဲကိုလည်း တောင်းပန်တယ်လို့၊ နောက်မှ ဆက်သောက်. . . သဘောပေါက်"

သူမ လာနေသည်။ သူ ရှေ့ခန်းတံခါး အဆင်သင့် ဖွင့်ပေးလိုက်သည်။ သူမ ကလည်း အေးအေးဆေးဆေးပင် ဝင်ထိုင်သည်။

ဂျိတ်!။

ဝူး. . . . ။

(၈း၄၈)နာရီ။

သူ ပြည်လမ်းအတိုင်း အရှိန်မြှင့်မောင်းသည်။ ကျောင်းရှေ့မှတ်တိုင်မှ ကျောင်းဝင်းထဲ ဖြတ်ဆင်းမည်။ ထိုမှတစ်ဆင့် ဘုရားလမ်း ကုန်းဆင်းမှ အုတ်ကျင်းဘူတာရုံလမ်း။ အေးဆေး သူနိုင်ပြီ။

"ကားမောင်းကောင်းသားပဲ"

"ကျေးဇူးတင်ပါတယ်. . . ဖြည်းဖြည်းမောင်း ဆိုသူတွေချည်း တွေ့ဖူးလို့"

သူမ နောက်ခန်းသို့ လှည့်ကြည့်ရင်း ပြုံးသည်။ ပို၍ ယုံကြည်





စိတ်ချသွားပုံရသည်။ လိုရမယ်ရ သူ ဆုတောင်းပြည့်စေတီမှ ဝယ်လာသော စက္ကူ ဝါးတံလေးများနှင့် ပြုထားသော တံခွန်တိုင်နှင့် ကုက္ကားလေးများ။

"မိသားစု ဘယ်နှစ်ယောက်ရှိလဲ၊ နည်းနည်းတော့ စပ်စုမှာပဲ၊ သူငယ်ချင်းနှစ်ယောက်နဲ့ ကားတစ်စင်း ပစ်ထားခဲ့ပြီး လိုက်ကူညီရတဲ့သူလေ"

"ကျေးဇူးတင်ပါတယ်ဗျာ. . . ကျွန်တော်တို့က အမေတစ်ခု သားတစ်ခုလေ"

(ယခင် ဒေသကောလိပ်လှိုင်) ကျောင်းဝင်းထဲ သူကွေ့ဝင်လိုက်၏။ မိခင်၏နှလုံးရောဂါအကြောင်း ပြောပြမိသည်။

လမ်းကျဉ်း၍ သူအရှိန်လျှော့ချလိုက်သည်။

သူမကို ငဲ့ကြည့်လိုက်စဉ် စိတ်ထဲက လှလိုက်တာ ဟု မြည်သွားပြီးသကာလ (ကားအဲယားကွန်းထဲ ပျံ့နှံ့ခဲ့သည်မှာ သူမ တက်လာကတည်းက ဖြစ်ပုံရသော) ထူးခြားဆန်းပြားသည့် ရနံ့တစ်မျိုးကို ခုမှပင် သူ သတိပြု ရှူရှိုက်မိတော့သည်။ သူမ သုံးစွဲထားသည့် ရေမွှေးနံ့မှ မဟုတ်၊ ရေမွှေးနံ့နောက်မှ ခပ်ပါးပါး ကပ်ပါလာသော သူမ အရေပြားမှ ထုတ်လုပ်သည့် သူမ၏ကိုယ်ပိုင်ရနံ့။

သူ တစ်ကိုယ်လုံး လှိုက်ခနဲဖြစ်သွားသည်။

ကြက်သီးဖြန်းဖြန်းထသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့နာမည်နဲ့ ဖုန်းနံပါတ်လေး မသိရဘူးလားဟင်၊ ကိုယ့်ကျေးဇူးရှင်ရဲ့နာမည်လေးတော့ သိခွင့်ရှိမယ်ထင်လို့ပါ"

ဘာမှမပြောဘဲ ရှေ့သို့သာ ကြည့်၍ ပြုံးနေသည်။ သူ မြင်ဖူးသည်။ နာမည်လည်း သိသည့်အကြောင်း ပြောလိုက်ရင် ကောင်းမလား စဉ်းစားသေးသည်။

ဟ!. . ဘယ်ဖြစ်မလဲ။ အလောင်းအစား ကိစ္စထဲ ပြဿနာဝင်လာနိုင်သည်။ ကိုကြီးရဲ့နှင့်သေမင်းက အလွန် အကင်းပါးသည်။

သူမ နာမည်တောင် မသိသေးတာ ပိုကောင်းသော အနေအထားဖြစ်သည်။ ကားက ဘုရားလမ်း အလျောကြီးကို ဆင်းလာနေသည်။ (၈း၅၅)နာရီ။

"ကျွန်မ ဆက်သွယ်ပါ့မယ်၊ V.C ကတ်ရှိနေတာပဲ"

"ကျွန်တော် မျှော်နေမိမယ် ထင်တာပဲ"

"ဟင်း. . . ဟင်း. . . အဲ့ဒါလည်း ခပ်ပါးပါး ပြောလိုက်တဲ့ သုံးခွန်းသော စကားတစ်မျိုးပါပဲ"

"ကျွန်တော် ကျေးဇူးရှင်ကို ဘယ်တော့မှ မပစ်မှားတတ်ပါဘူး"

ညို့ငင်အား တစ်သိန်းနှင့် ဒိန်းခနဲ ရင်ကို ဝင်ဆောင့်အောင် ကြည့်ရင်း. . .

"အဲ့ဒီစကား မှတ်ထားနော်၊ ထွက်လေ. . . ကားရှင်းနေပြီ"





ခဏကြောင်ငေးနေမိသော သူ့ကို သတိပေးမှ အင်းစိန်လမ်းမကို ဖြတ်ကွေ့၍ တက်လိုက်ရ၏။ နောက်တစ်မိနစ် မပြည့်ခင် အုတ်ကျင်းဘူတာရုံလမ်းထဲ ညက်ညောစွာ ဝင်လာနေပြီဖြစ်၏။

"တံခွန်တိုင် ရွှေကုက္ကားနဲ့ ဘုရားလိုက်ဖို့တော့ မစည်းရုံးနဲ့၊ ကျွန်မသူငယ်ချင်းတွေ နာရီဝက်အတွင်း လိုက်လာလိမ့်မယ်၊ ကားသော့ပေးခဲ့တယ်"

"ဟုတ်ကဲ့. . . ကျွန်တော်ရမယ့် ကုသိုလ်အဘို့ဘာဂကို အမျှဝေပါ့မယ် ကျောင်းအစ်မ"

ရွှေပွင့်ဖြူ ကားပါကင်တွင် ခေါင်းထိုးရပ်၍ သူမဘက်အခြမ်းကို ဝန်ထမ်းကောင်လေးက ကလစ်ခနဲ ကားတံခါး လာဖွင့်ပေးတော့ (၈း၅၉)နာရီပဲ ရှိသေးသည်။

ကိုကြီးရဲတို့စားပွဲကို လုံးဝလှမ်းမကြည့်ဘဲ ရင်ဘတ် အနည်းငယ် ကော့၍ တစ်စားပွဲကျော်က စားပွဲတွင် ဝင်ထိုင်ပြီး ရွှေတောင်ခေါက်ဆွဲနှစ်ပွဲ မှာလိုက်သည်။

ကြားစားပွဲတွင် ကောင်မလေး လေးယောက် မုန့်ရှည်စားနေကြသည်။ လှတယ်နော်ဟု ပြော၍ လှည့်ကြည့်ကြသည်။

သူမက ယကြာစာရွက်ကလေး ထုတ်ဖတ်ရင်း. . .

"ဟင်. . . အခု ကိုးနာရီဆိုတော့ ကျွန်မက (၁၆ မိနစ်)နဲ့ အပြီးစားရမှာလား!"



www.burmeseclassic.com

www.burmeseclassic.com



"ယကြာထဲမှာ စားချိန်ပြီးချိန် မပါပါဘူး၊ အေးအေးဆေးဆေး စားပါ မေမေ့အသက်သခင်ကျေးဇူးရှင်"

ရွှေတောင်ခေါက်ဆွဲနှစ်ပွဲ ရောက်လာ၏။

"ကျွန်တော် နယ်ဖတ်ပေးရမလားဟင်"

"အို!. . . သူများတွေက အတွဲထင်သွားမှာပေါ့"

ခပ်တိုးတိုး ပြောလာခြင်းဖြစ်သည်။

ထင်စေ့ချင်နေတာမှတ်ဘူး၊ တကယ်ဖြစ်ချင်နေတာဟု ရင်ထဲက ပြောဖြစ်သည်။ သူမ နယ်ဖတ် တစ်ဇွန်းခပ်စား၍. . .

"ဟယ်. . . တကယ်ကောင်းတယ်တော့၊ ကျေးဇူးပဲနော်. . ဆိုင်ကောင်းညွှန်းပေးတဲ့အတွက်ပေါ့၊ တင်တင်တို့က ကောင်းရင်ကားနဲ့ ပတ်စားတာ၊ ဘယ်လောက်ဝေးဝေး"

သူမ နာမည် ရှေ့နှစ်လုံးကို လွှတ်ခနဲ နာမ်စားသုံးသွားသည်။ သူ မသိချင်ယောင်ဆောင်နေလိုက်သည်။

"ဒီဆိုင်က ခေါက်ဆွဲက Expo-70 နည်းနဲ့ ကိုယ်တိုင်လုပ်တာလေ၊ ဂျပန် Expo-70 တုန်းက ဂျပန်တွေ တန်းစီစောင့်ခဲ့ရတဲ့ ရွှေတောင်ခေါက်ဆွဲပေါ့"

ထိုစဉ် တစ်ဖက်စားပွဲမှ. . .

"နတ်ဖက်တဲ့အတွဲဆိုတာ အဲ့ဒါကို ပြောတာဟဲ့"

နှစ်ယောက်စလုံး အတိုင်းသား ကြားနေရသောစကားများ





ဖြစ်ပါသည်။ သူက ရယ်ကျဲကျဲ လုပ်မိသည်။

"ကျေးဇူးရှင်ကို မပစ်မှားဘူးဆို. . . ဘာရယ်နေတာလဲ၊ ထပြန်မှာနော်. . . အလကားနေ အလကား အသားယူနေတယ်"

"အဲ့ဒါကမှ ရည်းစားစိတ်ကောက်တာနဲ့ ပိုတူသွားမှာပေါ့ ကျောင်းအစ်မရဲ့"

ထိုစဉ် မင်းသိင်္ဂ သန့်စင်ခန်း သွားရင်း ခရီးသွားဟန်လွှဲ တွေ့သွားပုံမျိုးနှင့်. . .

"ဟား. . . ကိုရဲ့ ခင်ဗျား တော်တော်ဒိုင်လျှိုတဲ့လူဗျာ၊ ဟိုမယ်. . . ဘောစိလည်း ပါတယ်၊ ဝိုင်းကူးပါလား"

"နေပါစေတော့ ကိုမင်းသိင်္ဂ၊ အပြန်မှပဲ ဝင်ပြီး ဂါရဝပြုတော့မယ်"

သေမင်း ထွက်သွားမှ. . .

"ဘာတွေလဲ. . ဘယ်လိုထင်သွားလဲမသိဘူး"

"ခရိုမီယမ်က အင်ဂျင်နီယာတွေပါ၊ ဘယ်လိုထင်ထင်ပေါ့၊ ပွဲပါသွားတာမှ မဟုတ်တာ"

"သိက္ခာလေ. . သိက္ခာပဲ့တာရှင့်"

"ကျွန်တော်က အဆင့်အတန်းမရှိ. . "

"အဲ့ဒီသဘော ပြောတာမဟုတ်ဘူး၊ တစ်ခုခု ထင်သွားမှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် Coke နှစ်ဘူးနှင့် လက်စသတ်ပြီး ထ,ကြသည်။ ဘောစိဝိုင်းက ဘီလ်က ရှင်းပြီးသားတဲ့။

"ခဏပါ ကျေးဇူးရှင် ကျောင်းအစ်မရယ်၊ ဘောစိကို ဝင်နှုတ်ဆက်ရအောင်"

"ဝင်တော့ မထိုင်ဘူးနော်. . . မတ်တတ်ပဲ"

"ဟဲလို. ."

"ဟိုင်း. ."

"ဧည့်သည်ပါလို့ မထိုင်တော့ဘူးနော် Boss"

"မိတ်တော့ ဆက်ပေးဦးပေါ့ဗျ. . . လူယဉ်ကျေးတွေပဲ"

"ဒါက ကိုယ်တို့ကုမ္ပဏီ Boss"

စကားထိုးရပ်၍ ဖတ်ခနဲ သတိရလိုက်သည်က သူပေးထားသော ဗစ်စစ်တင်းကဒ်ပေါ်က ဦးရဲထင်ကျော်။

"နာမည်က ဦးရဲကိုတဲ့"

ရဲထင်ကျော်မျက်လုံး သိသိသာသာ လန်တွန့်သွားသည်။

"သူကတော့ လုပ်ဖော်ကိုင်ဘက် ကိုမင်းသိဏ်းတဲ့၊ သူလေးကတော့. . အဲ. . အင်း"

သူမကပင် စကားဆက်ပေးပါသည်။

"ဒီက လူကြီးမင်းဒုက္ခကို ဝင်ကူညီသူလို့ပဲ မှတ်ထားပါရှင်"

"ခင်မင်ကြတာ ကြာပြီလား!"





"မိနစ်ပိုင်းပဲ ရှိပါသေးတယ်ရှင်"

"ဘယ်မှာ တက်နေတာလဲ၊ ကျောင်းပြီးရင် ခရိုမီယမ်မှာ လစာကောင်းပါတယ်ခင်ဗျ"

"(U.F.L)မှာ ဂျပန်စာ တက်နေပါတယ်ရှင့်"

"ဒါဆို ဆရာဦးအေးချို သိမှာပေါ့"

"ဦးအေးချို ဂျပန်ရောက်နေတာ ကြာပြီလေ"

"ဇေယျာလင်းရော ရှိသေးလား. . . ရှမ်းစပိန်လေ"

"ဆရာဦးမြင့်အောင် ခေါ် ဇေယျာလင်းလား၊ ကဗျာရေးလည်း သူဌေးဖြစ်တယ်ဆိုပြီး ပင်စင်ယူသွားပါပြီရှင့်"

ထိုစဉ် ကားတစ်စီး ဝင်လာ၏။

"ခွင့်ပြုပါဦးနော်. . . ကျွန်မကားလာပြီ၊ ဒီက လူကြီးမင်းလည်း လိုက်ပို့မနေနဲ့တော့၊ ရွှေတောင်ခေါက်ဆွဲနဲ့ Coke အတွက် ကျေးဇူးပါပဲ"

လှပစွာ ကျောပေးထွက်ခွာသွားသည်။ မတ်တတ် ငုတ်တုတ်ကျန်ရင်း လှမ်းကြည့်နေကြစဉ် ဝက်ဂွန် R ကားလေးရှိ မောင်းခန်းမှ မိန်းမလှက နေရာဖယ်၍ နောက်ခန်းဝင်ထိုင်သည်။ သူမက ညင်သာစွာ မောင်းထွက်ရင်း ကြည့်နေမှာကို သိကြောင်း နောက်ပြန် လက်ပြသွားလေသည်။

ရဲကြီးက လက်ဝါးမြှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖောင်း. . ."

"မင်းကို ငါ ဂရိတ်ဖိုက်(+)ပလပ်စ် ပေးတယ် ရဲကိုရေ့. . ၊ ဒါနဲ့ မင်း ငါ့ကို ဘာလို့ ရဲကိုလို့ မိတ်ဆက်ပေးတာလဲ"

"Boss ကလည်း. . . V.C ကဒ်မှာ ကျွန်တော်က ရဲထင်ကျော် ဖြစ်နေပြီလေ၊ တော်သေးရဲ့. . . ပေါ်တော့မလို့"

သေမင်းက ပုတ်သိုးနေသောမျက်နှာကြီးနှင့်. . .

"မင်းဟာမက နာမည်လေးတောင် ပြောမသွားဘူး၊ နာမည် ဘယ်သူလဲ၊ ဘယ်မှာနေလဲ"

"ငါလည်း မသိဘူး မင်းသိဏ်းရ"

"ဒါဆို မင်းအပြည့်ဘယ်နိုင်မလဲကွ၊ ပြားခြောက်ဆယ်ပဲ ရမယ်"

"ဟေ့ကောင်. . . စည်းကမ်းချက်ထဲ အဲ့ဒါမပါဘူး၊ မင်း မညစ်နဲ့၊ ကိုကြီးရဲ လုပ်ဦး"

"ဟုတ်တယ် မင်းသိဏ်း၊ ဒီကောင်. . . ဒီလောက်လှတဲ့ အထက်တန်းကျတဲ့ မိန်းမလှတစ်ယောက်ကို တစ်နာရီအတွင်း ရောက်အောင် ခေါ်လာနိုင်တာပဲ၊ သူ့အရည်အချင်းကွ၊ ဟား. . ဟား. . ဟား. . ဆက်သွယ်လာရင်တော့ ရဲထင်ကျော်အစစ်က သိမ်းပိုက်မှာနော်"

"ကိုကြီးရဲနော်. . . ငရဲကြီးချင်ကြီး ကျွန်တော်ဖိုက်မှာ"





"ငါ မြို့နယ်လက်ရွေးစင် ဘောက်ဆင်သမားဆိုတာလည်း မင်းမမေ့နဲ့ဦး ချစ်ညီလေး"

"မိရာ ဖမ်းကိုက်မယ်၊ ဒါမှမဟုတ် ကိုကြီးရည်းစား မမနှင်းကို တိုင်မှာပဲ"

အရှုံးသမား မင်းသိဏ်းက. . .

"မုန့်ဆီကြော်က ဘယ်နေမှန်း မသိသေးဘူး၊ ငါးစိမ်းသည် နှစ်ယောက်က ထ,သတ်နေသေးဗျား"


လောင်းကစားပွဲကို အစအဆုံး စောင့်ကြည့်နေသော စိတ်ဝင်စားသည့် ဝိုင်းနှစ်ဝိုင်းက ရှိနေခဲ့သည်။ ဟုတ်ကဲ့. . . ရှိနေခဲ့ပါလေသည်။





www.burmeseclassic.com

www.burmeseclassic.com



အချစ်နှင့် တွေ့ထိလျှင်..
လူသည်
ကဗျာဆရာဖြစ်သွား၏။
(ဝီလျံရှိတ်စပီးယား)

အချစ်နှင့် တွေ့ထိလျှင်
သူသည်
စိတ်ရောဂါအထူးကုဆေးရုံမှ
အလိုရှိနေသော
လူနာဖြစ်သွား၏။
(နတ်ရှာမိုး)





# အခန်း (၂)

M.D ဦးရဲထင်ကျော်၏အတွင်းရေးမှူးမလေး နွေးနွေး၏ နောက်နားတွင် Drawing Board ခေါ် ပုံဆွဲခုံတစ်ခု ရှိသည်။ ထိုနေ့ကမှ သူ လုပ်ငန်းခွင် အသေးစိတ် ပုံတစ်ပုံ (Working DRG:) တစ်ပုံ ဆွဲနေသည်။ တင်တင်မေဝင်း၏ဖုန်းကို နေ့စဉ်မျှော်နေမိသောရက် (၂၀)မြောက်နေ့ဖြစ်၏။

နွေးနွေးစားပွဲပေါ်က ဖုန်းမြည်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို. . . ခရိုမီယမ် ဆောက်လုပ်ရေးကုမ္ပဏီကပါရှင်"

". . . . . . . . . . . . . . . . . . . . ."

"အမ်ဒီဦးရဲထင်ကျော် အပြင်သွားပါတယ်ရှင်၊ ဘယ်သူ ဆက်တယ်လို့ ပြောလိုက်ရမလဲရှင့်"

". . . . . . . . . . . . . . . . . . . . ."

"ရှင်. . ယတြာဟုတ်လား. . ဟုတ်ကဲ့ပါရှင်"

သူ ငေါက်ခနဲ ထ၍ နွေးနွေးစားပွဲဆီ ပြေးသွားသည်။

"ပေး. . ပေး. . နွေးနွေး၊ တို့ပြောမယ်"

"ချသွားပြီ ကိုရဲရဲ"

"ဟာကွာ. . . သူ့ဖုန်းနံပါတ် ပြန်နှိပ်ပေးစမ်းပါ၊ အရေးကြီး တယ်"

"ဟောဒီမှာ လမ်းဘေး PCO ဖုံး ကိုရဲရဲ"

"ဒီနံပါတ်ဆို ဘယ်နေရာလောက် ဘယ်မြို့နယ်လောက် ဖြစ်မလဲ၊ ရှာပေးစမ်းပါ နွေးနွေးရယ်"

"မြို့နယ်ပဲ သိမှာပေါ့၊ လမ်းဘေးဖုန်းတွေက အများကြီး၊ ဘယ်နေရာဆိုတာ သိတော့ကော အဲ့ဒီယတြာက ရှိပါတော့မလား ရှင်၊ နေပါဦး. . . နာမည်က အထူးအဆန်းပဲ၊ ယတြာတဲ့လား၊ ကိုရဲရဲ့ MD နဲ့ ဘယ်သူနဲ့ ဘယ်လိုပတ်သက်နေကြတာတုန်း. . . လင်းစမ်း ပါဦး"





နွေးနွေးပြောမှပင် သူ ဆန္ဒစော၍ ပျာယာခတ်သွားသည် ကို ပြန်သတိရသွားသည်။ နည်းနည်းလည်း ရှက်တက်တက် ဖြစ်သွား သည်။

"အဲ့ဒီယတြာဆိုတာ MD နဲ့ ဘာမှမပတ်သက်ဘူး၊ ကိုယ်နဲ့ပဲ ပတ်သက်တာ၊ နောက်. . အဲ့ဒီယတြာဆိုတာ လာရင် ကိုယ့်ဟန်းဖုန်း နံပါတ်ပေးလိုက်. . . သိလား၊ သိပ်အရေးကြီးတယ် နွေးနွေး. . . ကူညီပါနော်"

"ကောင်းပါပြီတဲ့ရှင်"

"ဟူး. ."

ကပ်လွဲလေးမို့ မချင့်မရဲဖြစ်ရလေသည်။

(ခရိုမီယမ်က V.C တွင် ရုံးဖုန်းသာ ထည့်ရိုက်သည့်မှု ရှိသည် ဟူသတတ်)

၆. ၆. ၆. ၆.



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပတ်အကြာတွင်ဖြစ်သည်။

ဒရိုင်ဘာကိုသံခဲ နေမကောင်း၍ ဘီလပ်မြေ တင်ထားသော ကင်တာကားကြီးကို သူကိုယ်တိုင်မောင်းလာသည်။ ဗဟန်းမီးပွိုင့်တွင် ကားတန်းကြီးအလယ်၌ ပိတ်မိနေသည်။ ဘယ်ဘက်ယာဉ်ကြောက ကားလေးတစ်တန်း ရှိသည်။ ထိုစဉ် မျက်နှာချင်းဆိုင် ယာဉ်ကြောပွင့်၍ ကားတွေ ထွက်လာစဉ် ဘာရယ်မဟုတ် မျက်လုံးက လှမ်းကြည့်နေမိသည်။

"ဟာ. . . တင်တင်မေဝင်းကား၊ တစ်ယောက်တည်းဟ၊ ခပ်ဖြည်းဖြည်း မောင်းသွားတယ်၊ ငါက ကင်တာ၊ လိုက်ရင် မီတယ်"

ဆင်ခြင်တုံတရားသည် ဝက်ဂွန် R နောက် ပါသွား၏။ ပွိုင့်စိမ်းပြီ၊ သူ့ရှေ့က,ကား အဝေးရောက်သွားပြီ။ သူရပ်နေဆဲ။ ဘေး





က ကားလေးတန်း ရွေ့နေသည်။ နောက်က ကားတွေ ဟွန်းမတီးရ နယ်မြေပေမင့် ဟွန်းတပွမ်ပွမ် တက်တခေါက်ခေါက် ဆဲရေးတိုင်းထွာ။ ဘယ်လမ်းကြောအပွင့် ဦးခနဲ နင်းကွေ့၍ တစ်ဖက်ကို အတင်းဖြတ်ဝင်ပစ်လိုက်သည်။ မင်းဘယ်ပြေးမလဲ မိမေဝင်း။ လီတာတင်မည်အပြုံ. . .

"ရှီး. . . ရှီး"

ကုန်းတက်ကနေ ဆီးဖမ်းတော့သည်။ ကင်တာကားကြီး ဘလိုင်းကွေ့ဝင်လာသည်ကို ယာဉ်စည်းကမ်းထိန်းသိမ်းရေးက မျက်မမြင်တွေမှ မဟုတ်ပေကပဲ။ လိုင်စင်ကလေးတဆိတ်။

"တောက်. . . သေကွာ"

၆ ၆ ၆ ၆



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို. . . U.F.L ဂျပန်ဘာသာဌာနကလားခင်ဗျာ"

"ဟုတ်ပါတယ်ရှင်"

"ကျေးဇူးပြုပြီး တင်တင်မေဝင်းဆိုတဲ့ကျောင်းသူနဲ့ စကားပြောခွင့်ပြုနိုင်မလားခင်ဗျာ"

"ဖိုင်နယ်ရီးယားက တင်တင်မေဝင်းလား!"

"ဟုတ်ကဲ့ခင်ဗျ"

"ဖိုင်နယ်တွေ စာမေးပွဲဖြေပြီးလို့ ကျောင်းပိတ်ထားတာရက်(၂၀)ကျော်ပါပြီ"

"ဗျာ. . . ဒါ. . ဒါဆို သူ့နေရပ်လိပ်စာလေး တဆိတ်"

"ကျောင်းသူတစ်ယောက်ရဲ့လိပ်စာကို သူခွင့်မပြုဘဲ ပေးပိုင်





ခွင့် မရှိပါဘူး၊ မိုးကုတ်လိုက်သွားဖို့ပဲ အကြံပေးပါရစေရှင်"

"ဟုတ်ကဲ့ခင်ဗျာ. . . ကျေးဇူးတင်ပါတယ်"

ဩော်. . . မိုးကုတ်သူတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က စူပါမားကက်ထဲရှိ သူညှပ်နေကျ မှန်လုံအဲယားကွန်း ဆံသဆိုင်ထဲ အပေါက်ဝဘက်ထိုင်ခုံတွင် သူဆံသနေသည်။

သူ့လက်စွဲတော် ဆံသဆရာ ကိုဖိုးကွန့်နှင့်သူက အတွေးအမြင်တူသည်။ စကားပြော အပေါက်အလမ်း တည့်သည်။ ကိုဖိုးကွန့်ကလည်း စကားက ခပ်များများ။

"သူမောင်ကြီးက သူ့အဖေဦးသာစုကို သူအရမ်းသိချင်တာတစ်ခု မေးဖို့လာတာ ကိုရဲရေ့၊ အိမ်ထောင်ရေး ပညာပေးတွေ ရေးနေတဲ့ အဖေကိုယ်တိုင်က ဘာလို့ အိမ်ထောင်ရေး အဆင်မပြေရသလဲ၊ အဲ့ဒါ မေးမလို့၊ ဦးသာစု ဆံပင်သွားညှပ်လို့ စောင့်နေတာ"

"အ. . အ. . ဟော့လူ၊ ဆံဖြတ်စက် ဂျမ်းဖြစ်နေလား မသိဘူး၊ နာတယ်ဗျ"





"ရတယ်. . ရတယ်. . လဲပေးမယ်"

တစ်ဖက်ခုံက စက်ကို လှမ်းယူ၍ ပလပ်ပြောင်းထိုးသည်။ သူ့စကားဆက်သည်။

"သူ့အဖေပြန်လာတော့ ဆံပင်ညှပ်မလာဘူး၊ အဖေ ဘာလို့ ဆံပင်ညှပ်မလာလဲ မေးတာပေါ့၊ ဆံသဆရာ ဆံပင်သွားညှပ်နေလို့သား. . တဲ့၊ ဒါပဲလေ အဖြေက၊ သူများကို သ,ပေးလို့ရတယ်"

"ဂိး. . . ဂရိး"

"ကိုယ့်ကိုယ်ကို ဘယ်လိုပြန်သ,မလဲ. . ဟားဟား"

"ဟော့လူ. . . စူးသေးတယ်ဗျ၊ ဒီစက်လည်း မကောင်းဘူး"

"ရတယ်. . . အကောင်းဆုံးစက် ဟိုဘက်ထိပ်က မောင်ညွန့်ခုံမှာ ရှိတယ်"

ကိုဖိုးကွန့် သွားယူ၍ ပလပ်ပြောင်းထိုးရင်း စက်စမ်းနေစဉ် ရိပ်ခနဲ အပြင်က မှန်ရှေ့ဖြတ်လျှောက်သွားသူ. . သူ. . သူမှသူ။

သူ ဇတ်ခနဲပင် ခုံပေါ်မှ ခုန်ဆင်းလိုက်သည်။ ချွတ်ထားသော ကြမ်းပေါ်က ရှူးဖိနပ်တစ်ဖက် ကောက်စွပ်၊ တစ်ဖက်က အရေးထဲ ဘယ်ပျောက်နေသည်မသိ။ (ကိုဖိုးကွန့် ခလုတ်တိုက်သွား၍ ဟိုတစ်ခုံကျော် ဆုံလည်အောက်၌ ပက်လက်လန်နေပြီ။)

ယ်နေသည်။ သူမ ပျောက်သွားနိုင်သည်။ ထူးပါဘူး၊ ဖိနပ်တစ်ဖက်၊ ခြေအိတ်တစ်ဖက်နှင့်ပင် မှန်တံခါးကို တွန်းထွက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ဆိုလိုတာက ကိုရဲရာ. . . သူများအိမ်ထောင်ရေးကိုသာ လမ်း. . လမ်း. . . ဟင်. . ဘယ်ရောက်သွားတာလဲဟ"

ခုံဘက်အလှည့် ကိုဖိုးကွန့် တွန့်ခနဲ ပါးစပ်ဟ၍ကျန်ခဲ့သည်။

အစိမ်းရောင်လေးပါ၊ ဘယ်မလဲ အစိမ်းရောင်လေး။ အရေးထဲ ပြည့်နှက်နေသောလူအုပ်ကို တွန်းထိုးနေရသေး။

တွေ့ပြီ. . . ဟိုခပ်ဝေးဝေးမှာ။

ဟ. . ညာဘက်ချိုးသွားပဟ။ ဒီဘက်က ပန်းလိုက်မှ။

လူတွေက သူ့ကို ဝိုင်းကြည့်နေသည်။ တချို့ ပြုံးစိစိ၊ တချို့ တခွိခွိ။ သူ သတိမထားမိ။

"ဟား. . ဟိုးမှာ. . ဆောရီးဗျာ၊ မတော်လို့ဗျာ၊ ခွင့်လွှတ်ပါဗျာ. . လမ်းနည်းနည်း. . ပလိစ်. . သင့်ခယူ"

"နောက်က အရူးဖမ်းတဲ့လူများ လိုက်လာလားဟ"

"ရုပ်သန့်သန့်ကြီးနဲ့ စိတ်မနှံ့ရှာဘူး ထင်တယ်"

"ကုရင် ရလောက်ပါတယ်"

"ငယ်ငယ်လေးဟယ်. . နှမြောစရာ"

နီးသထက် နီးလာသည်။ ပို၍နီးလာသည်။ ပခုံးပုတ်၍ရပြီ။ တင်တင်မေဝင်း ခေါ်ရင်ကောင်းမလား။ မကောင်း။

"ဟိတ်. . ယတြာ"





လှည့်လာသော သွားခေါ် ကျောက်ပေါက်မာက. . .

"အမ်. . . ရှင်က ဘာလာကြောင်တာလဲ၊ လူကို ဘာမှတ်လို့လဲ"

"ဆောရီးဗျာ. . . လူမှားလို့"

သူ ကြောင်၍ရပ်ကျန်ခဲ့စဉ်. . .

"ဟင်. . မောင်ကိုရဲ၊ ဘယ်လိုဖြစ်ရတာတုန်းကွယ်"

(သူဆောက်နေသော တိုက်ပိုင်ရှင်). . .

"ဘာဖြစ်လို့လဲ အန်တီစန်း"

"လည်ပင်းမှာက ပိတ်ဖြူစည်းပြီး ဆံပင်ကြားမှာလည်း ဘီးကြီးစိုက်လို့"

"ဟိုက်. . . "


လဲသေလိုက်ဖို့ကောင်းခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၃)

ဖွန်းမြည်နေသည်။ ရုံးကိစ္စနှင့် နွေးနွေးအပြင်သွားနေသည်။ ရဲထင်ကျော်ပင် တိုက်ရိုက်ကိုင်ဖြစ်သည်။

"ဟဲလို. . အမိန့်ရှိပါ၊ ခရိုမီယမ် ဆောက်လုပ်ရေးပါခင်ဗျာ"

"ဦးရဲထင်ကျော်နဲ့ စကားပြောချင်လို့ပါ"

"ပြောနေပါတယ်ခင်ဗျာ"

"ဒီတစ်ခါတော့ မိပြီ၊ ဘယ်တွေ သဝေထိုးနေတာလဲ!"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. ."

"ဗျာမနေနဲ့. . . နှစ်ခါရှိပြီ ဆက်တာ၊ တစ်ခါက မရှိဘူးတဲ့၊ ကောင်မလေးတစ်ယောက် ဖြေတယ်၊ နောက်တစ်ခါက ကိုင်ကို မကိုင်ဘူး"

"အခုပြောနေတာ ဘယ်သူလဲခင်ဗျ"

"ဒီအသံကို မမှတ်မိတော့ဘူးလား. . . ရှင့်ကျေးဇူးရှင်လေ၊ ရှင့်ရဲ့နှလုံးရောဂါသည် မိခင်ကြီးရဲ့အသက်ကို ကယ်တဲ့လူလေ"

"ဘယ်ကလာဗျာ. . . ကျွန်တော့်အမေ မက်ဒီကယ်လ် ချက်ကပ် တစ်လတစ်ခါ လုပ်ပါတယ်၊ နှာစေးချောင်းဆိုးတောင် မရှိပါဘူး၊ အခုပြောနေတာ ဘယ်သူပါလဲခင်ဗျာ"

"ယတြာဆိုရင် သိလောက်ရောပေါ့"

ရဲထင်ကျော်ကို ရဲကို ပြောမထား။ ကားပေါ်က တံခွန်တိုင် ကုက္ကားတွေ တွေ့၍မေးစဉ်က. . .

မေမေ ဘုရားစင်ထိုးဖို့ဟုသာ ပြောခဲ့သည်။

"ယတြာတဲ့လား. . . နာမည်က အဆန်းပဲ၊ အခု ဘယ်ကို ဆက်နေတာလဲ!"

"ဟုတ်ကဲ့ရှင်. . . ခရိုမီယမ် ဆောက်လုပ်ရေးကုမ္ပဏီက MD ဦးရဲထင်ကျော်ဆီ ဆက်နေတာပါ"

"ဟုတ်တယ်လေ. . . ကျွန်တော်ပဲ၊ တစ်ခုခုတော့ လွဲနေပြီ"





"အဲ့ဒီရုံးမှာ ကိုရဲကိုတို့ ကိုမင်းသိဏ်းတို့ကော ရှိသလား!"

"ရှိပါတယ်ခင်ဗျ. . . သူတို့က SITE ထဲမှာ"

"ဒါဆို ကျွန်မ မလွဲဘူး၊ ရှင်တို့ဘက်က လွဲနေတာ၊ နောက် အပတ်ထဲ ကျွန်မကိုယ်တိုင် ရှင်တို့ရုံးကို လာခဲ့ပါ့မယ်၊ ဘယ်သူလွဲနေ လဲလို့ သိရအောင်. . ဒါပါပဲ. . တောက်. ."

ဖုံးနံပါတ်က PCO ။ ရဲထင်ကျော် ကြောင်တောင်တောင် ငေါင်ကျန်ရစ်သည်။

ထိုစဉ်မှာပင် ရဲကို Safty-Shoe စီး၍ အခွံမာဦးထုပ် ပိုက် ရင်း ဝင်လာသည်။ လက်ထဲမှာ ဖိုင်တွဲတစ်တွဲ ပါသည်။

"ဘယ်လိုလဲ ဦးရဲကို၊ ခင်ဗျား SITE တွေ ဘာအခက်အခဲ ရှိသေးလဲ"

ရုံး၌ ဦးတွေဘာတွေ ခပ်တည်တည် တပ်ခေါ်လေ့ရှိသည်။

"အားလုံးအဆင်ပြေပါတယ် အမ်ဒီ၊ ပရောဂရက်စ် လာ တင်တာပါ"

MD ရုံးခန်းထဲ နှစ်ဦးတည်း ရှိသောအခါကျမှ. . .

"ဒေါ်စန်းစန်း မနေ့က ရုံးကို ရောက်လာတယ်၊ မင်းကို ရှော့ပင်းမောလ်မှာ မတ်တတ်ကြီး ငေါင်ရပ်နေပုံကို ပြောပြတယ်၊ လည်ပင်းမှာ ပိတ်ဖြူကြီး ပတ်လို့တဲ့၊ ခေါင်းမှာလည်း သတ္တုဘီးကြီး တန်းလန်းနဲ့တဲ့၊ ဖိနပ်တစ်ဖက် ခြေစွပ်တစ်ဖက်နဲ့ လူပုံအလယ်ကြီးရှင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ ဂြိုဟ်သားတစ်ကောင်ကို အရှင်လတ်လတ် တွေ့လိုက်ရသလိုမျိုး ပြောနေတာ၊ ဆံပင်ညှပ်ရင်း ယောင်ပြီးထွက်လာတာဆိုပြီး ဘီးဖြုတ်၊ ပိတ်ဖြုတ်ပြီး တစ်ချိုးတည်း လစ်တော့တာပဲတဲ့. . . ဘယ်လိုဖြစ်တာလဲကွာ"

သူ တော်တော်ရှက်သွားသည်။ သည် သောက်တင်းအပြောကောင်းသော မောင်းကွဲမကြီးနှင့်မှ တည့်တည့်တိုးမိလေခြင်း။

"အာစရိ မှတ်မိလား၊ ရွှေပွင့်ဖြူမှာ ကျွန်တော်နဲ့မင်းသိကြားအလောင်းအစား လုပ်ကြတာလေ"

"ဘယ်မေ့မလဲကွာ"

"ဟိုတစ်ခါ ဘိလပ်မြေ ကင်တာနဲ့ အဖမ်းခံရတာလည်း သူ့ကားတွေ့လို့. . လိုက်မယ်ကွာ. . ဖြစ်ချင်ရာဖြစ်ဆိုပြီး ဟိုဘက်ယာဉ်ကြောထဲ ဘလိုင်းကြီး ကွေ့လိုက်မိတာလေ၊ အဲ့ဒီမိန်းမကို မြင်ရင် ဆင်ခြင်တုံတရား လွတ်လွတ်သွားတယ်. . .

ခုလည်း အဲ့လိုဖြစ်တာပါပဲ၊ ဆံပင်ညှပ်နေရင်း သူ့ကို ဖျတ်ခနဲ မြင်လိုက်လို့ ဇွတ်ကြီးထလိုက်မိတာ၊ ကိုယ့်ဟာကိုယ် ဘာဖြစ်မှန်းကို သတိမပြုမိတော့တာ"

ကိုကြီးရဲ ဟက်ဟက်ပက်ပက် ရယ်သည်။ သူလိုက်ရယ်ရင်ကောင်းမလား စဉ်းစားသည်။ ရယ်လို့လည်းမရ။ ခွကျနေ၏။

"အဲ့ဒီမိန်းမ မင်းကို ပြုစားထားပြီ၊ ကဝေမလား၊ မှော်ဆရာမ





လား၊ လေးဖြူပြောသလို စုန်းမလားပဲ၊ ဟား. . ဟား. . ဟား၊

ငါ အခုမှ ဆက်စပ်မိတော့တယ်၊ မင်း အဲ့ဒီနေ့က ငါ့ကတ်ပေးပြီး မင်းက MD ရဲထင်ကျော် ဖြစ်သွားတာကို ငါ ခုမှသတိရတယ်၊ ခုဟာက ကပ်သီလေးကွာ၊ မင်းဝင်မလာခင်လေး ဖုန်းချသွားတာ၊ တက်တစ်ချက်တောင် ခေါက်သွားသေးတယ်"

"ဗျာ. . အစ်ကို့. ."

"ဒါပေမယ့် သူ့နာမည်က အဆန်းကွ. . . ယတြာတဲ့"

"ဟာ. . သိပ်သေချာတာပေ့ါ အစ်ကိုရာ၊ သူပဲ. . သူပဲ"

"ဖုန်းထဲ. . ဟုတ်ကဲ့. . ရဲထင်ကျော် ပြောနေပါတယ်လည်း ဆိုရော စွတ်ကောတော့တာ၊

ဒီတစ်ခါတော့ မိပြီ. . . ဘယ်သဝေထိုးနေလဲတဲ့၊

ငါကြောင်နေတာပေ့ါ၊

ဆက်တာ နှစ်ခါရှိပြီ၊ တစ်ခါက ကောင်မလေးတစ်ယောက်ဖြေတယ်၊ နောက်တစ်ခါက ကိုင်တောင် မကိုင်ဘူးတဲ့၊ စိတ်ကောက်နေတဲ့အသံ၊ ဒီအသံကို မမှတ်မိဘူးလား၊ ရှင့်ကျေးဇူးရှင်လေ. . တဲ့၊ ငါလေသွားတယ်"

"ဟား. . . ဟား. . ဟား. . ဟား"

သည်တစ်ခါ သူရယ်ကလှည့်။ ကိုကြီးရဲ လိုက်ရယ်လိုက်ရပြန်။ ယတြာဇာတ်လမ်းကိုမှ မသိတာ။ ဘယ်လိုရယ်မည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



“ပြောလိုက်သေးတယ်. . . ရှင့်အမေ နှလုံးရောဂါသည် အသက်ကို ကယ်ခဲ့တာလေ. . တဲ့၊

ငါကလည်း ကျွန်တော့်အမေ နှလုံးရောဂါ မပြောနဲ့ နှာစေး ချောင်းဆိုးတောင် မရှိပေါင်ဗျာ. . ပေါ့”

သူ အူတွေပါ လိပ်တက်လာ၍ ဗိုက်ကြောဆန့်၍ အသက်ဝအောင် ပြန်ရှူသည်။

“နောက်ဆုံး သူဘာပြောသွားလဲ အစ်ကို”

“တစ်ခုခုတော့ လွဲနေပြီဗျာဆိုတော့ ရှင်တို့ရုံးမှာ ရဲကိုတို့ မင်းသိဏ်းတို့ ရှိလားတဲ့. . . ရှိတယ်ပေါ့”

“ရဲကို မင်းသိဏ်းလို့ ပြောသလား!”

“ရှေ့မှာ “ကို” ထည့်ပါတယ်ကွာ၊ ငါလောသွားတာ၊ မင့်ကောင်မလေး ပညာတတ်ပါ. . . မရိုင်းပါဘူး”

“တက်ခေါက်တယ်ဆိုတာက. .”

“သူ့ကို လွဲနေပြီလို့ ပြောတဲ့သဘောမျိုး ဖြစ်နေတယ်လေကွာ၊ သူ မလွဲကြောင်း နောက်အပတ်ထဲ လူကိုယ်တိုင်လာမယ်တဲ့၊ ဖုန်းမချခင် သူ့ဟာသူ ဒေါသဖြစ်ပြီး ခေါက်တဲ့သဘောပါကွာ၊ မဟုတ်မခံလေး ထင်ပါတယ်”

“လူကိုယ်တိုင် လာမတဲ့လား. . . ဗုဒ္ဓမြတ်စွာဘုရား၊ ကျွန်တော့်ကို လွှတ်ကောတော့မယ်”





“မင်းရှောင်နေဖို့တော့ စိတ်မကူးနဲ့နော်၊ အဓိက ဇာတ်ကောင်က မင်း၊ မင်းရှင်းရမယ့်ဇာတ်ထုပ်၊ မင်းရှုပ်ထားတာ”

အင်း. . . တွေ့ချင်လွန်းလို့ အတင်းလိုက်ရှာ၊ လာမယ်ဆိုတော့လည်း ပုန်းနေရမယ့်အဖြစ်ပါတကား။






www.burmeseclassic.com

www.burmeseclassic.com

## 'ရှုထောင့်'

အမြင်မတူတဲ့
လက်ဖမိုးနဲ့ လက်ဖဝါးဆိုတာ
အရေပြား တစ်သားတည်းပါ။
သူရဲကောင်းနဲ့ သစ္စာဖောက်ဆိုတာလည်း
လူတစ်ယောက်တည်းကို
ဟိုဘက်ဒီဘက်က ကြည့်တာပါ။ ။








# အခန်း (၄)

အဝလောင်းအစားနေ့က သူတွေးပုံ၊ သူလုပ်ပုံ၊ သူဝင်ပုံတွေကို ကိုကြီးရဲနှင့်မင်းသိဏ်းအား အသေးစိတ် ပြန်ပြောပြရတော့သည်။ သူမဘက်က တုံ့ပြန်ပုံတွေပါ ပါဝင်သည်ပေါ့။ မင်းသိဏ်းက မင်းတော်တော်ညစ်စုတ်တဲ့ကောင်ဟု အမနာပ ဆိုသည်။ ကိုကြီးရဲကတော့ မင်းတော်တော်ပြေးတဲ့ကောင်ဟု ချီးမွမ်းသည်။

"ကံကောင်းတာရယ်. . . အင်မတန် အကွက်အကျင်းကျတဲ့



www.burmeseclassic.com

www.burmeseclassic.com



တိုက်ဆိုင်မှုတွေရယ်ကြောင့်ပါ"

"မင်း မားသားကြီးက ဗုဒ္ဓဘာသာစစ်စစ်၊ ချမ်းမြေ့ရိပ်သာ ဝိပဿနာ ယောဂီစစ်စစ်ကြီး၊ ဘယ်တုန်းကမှ ဗေဒင်ယတြာ အယုံအကြည် မရှိတာကို ငါအသိ ဟေ့ကောင်၊ ပြီးတော့ ဘာရောဂါမှလည်း မယ်မယ်ရရ မရှိဘဲ မင်းလီဆယ်ပြီး အသုံးမချသင့်ဘူး"

မင်းသိဏ်းက အရှုံးသမားမို့ (သူ့ကို အမုန်းပွားဆဲ. . . မို့) ဝေဖန်ပြန်သည်။

"ဒါကတော့ မုသားမပါ လက်ာမချောပေ့ါကွာ၊ ပညာတတ်ကို ယုတ္တိရှိအောင် လိမ်ညာမှ ဖြစ်တော့မှာပေ့ါကွ၊ ပထမ မုသာဝါဒကို ကာကွယ်ဖို့ ဒုတိယ တတိယ မုသာဝါဒတွေပါ မပါမဖြစ် ပါကုန်တဲ့သဘောပါပဲ၊ အဲ့ဒီအတွက် စူပါမားကတ်မှာ ဘီလ်မရှင်းရသေးဘူး၊ ငါချေတယ်ကွာ. . . ဘာမှမယူတော့ပါဘူး"

"အလုပ်မအားလို့ မသွားဖြစ်တာပါ ငရဲရာ၊ ငါမေ့ချင်ယောင်ဆောင်နေတာ မဟုတ်ပါဘူး"

ကိုကြီးရဲ၏အားသာချက်မှာ စကားနည်းနည်းပြောပြီး များများနားထောင်တတ်ခြင်းဖြစ်၏။

လိုအပ်လာမှ. . . ဒက်ခနဲ ထိအောင် ညင်ညင်သာသာ ဝင်ပြောလေ့ရှိသည်။ ခေါင်းဆောင် ကောင်းတို့၏အကျင့်စရိုက်ဖြစ်သည်။





"အခု သူလာရင် အဲ့ဒီအလောင်းအစားနဲ့ ယတြာအတုအကြောင်း မင်းမသိစေချင်ဘူး မဟုတ်လား!"

"အဲ့ဒါ အဓိကပဲ ကိုကြီးရဲ၊ သူ ကျွန်တော့်ကို ပစ်ပစ်ခါခါ မုန်းသွားလိမ့်မယ်"

"သူမုန်းမှာ သိပ်ကြောက်နေတဲ့သဘောက မင်း သူ့ကို သိပ်ချစ်နေတဲ့သဘောပဲပေ့ါ"

"ဝန်ခံပါတယ်. . . ကျွန်တော် တစ်ခါမှ အဲ့သလောက် မရူးသွပ်ဖူးဘူး"

"ဒါဆို ဗစ်စစ်တင်းကတ်ကိစ္စက ဘယ်လိုလုပ်မလဲ!"

ကိုကြီးရဲအမေးကို သူလည်း ရုတ်တရက် ပြန်မဖြေတတ်။ မင်းသိဏ်းက နှုတ်ခမ်းစေ့၍ သွားနှင့် ခဏကိုက်ထားရင်း. . .

"ဒီလိုလုပ်ကွာ. . . (M.D)က ဘယ်သွားသွား ကတ်ဆောင်ရမယ် ပြောထားတယ်၊ မင်းကတ်၊ မင်းနာမည်၊ မင်းရာထူးနဲ့ ရိုက်ထားတဲ့ကတ် ကုန်နေလို့ (M.D)က သူ့ကတ်တွေ ပေးထားတယ်၊ ဒါကြောင့် အဲ့ဒီနေ့က ချော်လဲရောထိုင်လိုက်ရတယ်ပေ့ါ၊ သူအထင်ကြီးတာကို ခံချင်နေတဲ့အတွက်လည်းပါတယ်ပေ့ါ. . . ဒါပဲလေကွာ"

ကိုကြီးရဲက မင်းသိဏ်းကို ရှိတ်ခ်ဟင်း လုပ်ရင်း. . .

"သိပ်ကောင်းတဲ့အကြံပဲ ရဲကို၊ အဲ့ဒီအပြင် မရှိဘူး၊ မင်းမားကတ်မှာ ဒီကောင်ဝယ်သမျှ ဘီလ်ရှင်းသင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းရုံ ဘယ်ကမလဲ၊ ဒီကောင့်ကို အာဘွားတောင် အဆစ်ပေးလိုက်ဦးမယ်၊ သူ့ညီမအမှတ်နဲ့"

"ခွေးကောင်. . . လာသေးတယ်၊ အထုပ်တစ်ထုပ်က ရှင်းလို့ မပြီးသေးဘူး"

MD ၏အထူးဧည့်ခန်းထဲ သုံးယောက်သား အထူးဧည့်သည်ကို စောင့်စားရင်း စကားပြောနေခြင်းဖြစ်သည်။ ကိုကြီးရဲက ရေနွေးခွက် ပြန်ချရင်း. . .

"နေပါဦး ကိုရဲ၊ မင်းကို အလေးအနက် မေးစရာတစ်ခု ရှိတယ်"

"ဟုတ်ကဲ့. . . မေးပါ ကိုကြီး"

"မင်းလည်း အတွေ့အကြုံ နုနယ်တဲ့ လူပျိုပေါက်စလေးမှ မဟုတ်တာ. .၊ ဒီကောင်မလေးနဲ့ကျမှ ဘာဖြစ်လို့ မြင်မြင်ချင်း ဒီလောက်ရူးသွပ်သွားရတာလဲ၊ မင်းစိတ်ထဲ ဖြစ်လာတဲ့အတိုင်း ပြောတာကို တလေးတစား ငါနားထောင်ချင်နေတယ်"

အဖြေချူသော အမေးစကားက လှပနေသည်။

"မြင်မြင်ချင်း. . . အင်း. . တော်တော်လှတယ်ဆိုတာလောက်ပဲ ရှိပါတယ်၊ ဖြစ်တာက ကားထဲ ရောက်မှ ဖြစ်တာ၊ မှန်အလုံပိတ် အဲယားကွန်းထဲ ပျံ့လွင့်လာတဲ့အနံ့တစ်မျိုး၊ သူသုံးတဲ့ရေမွှေးနံ့ကို ပြောတာမဟုတ်ဘူးနော်၊ ရေမွှေးနဲ့ ကပ်ပါလာတဲ့ သူ့ကိုယ်သင်းနံ့ပဲ၊





အဲ့ဒီအနံ့ကို ရှူရှိုက်လိုက်မိတဲ့အချိန်ကစပြီး ကျွန်တော်ရူးသွပ်သွားတာ သေချာပါတယ်၊ အရမ်းချစ်ချင်စိတ်ကို ပေါက်သွားတာပါပဲ၊ ဘယ်လိုဖြစ်မှန်းကို မသိတာပါပဲ"

ကိုကြီးရဲ ခေါင်းတညိတ်ညိတ်နှင့် အလေးအနက် တွေးနေပုံရသည်။ မင်းဟိဏ်းက လွှတ်ခနဲ ဝင်ပြောသည်။

"အဲ့ဒါ မင်းကို မိတ်နံ့လွှတ်တာကွ၊ မင်းမိတ်လိုက်ချင်စိတ်ဝင်လာအောင်"

"ဟော့ကောင် ဆေးရိုးသည်. . . မင်း ဆေးလိပ်ခုံ သွားရောင်း"

ကိုကြီးရဲ ခေါင်းယမ်းသည်။ ပြီးမှ ခေါင်းညိတ်သည်။

"ဟုတ်တယ် ညီလေးရဲ၊ မင်းသိဏ်းပြောတာ အမှန်ပဲ၊ ဒါ သဘာဝရနံ့ပဲ၊ လူမပြောနဲ့. . . အဟိတ်တိရစ္ဆာန်တွေတောင် မျိုးဆက်ပွံ့ပွားဖို့. . အဲ. . မိတ်လိုက်ဖို့ အမတွေက ရနံ့တစ်ခု ထုတ်လွှတ်ပေးတယ်၊ အဖိုက အဲ့ဒီရနံ့ကို ရရင် မိတ်စိတ်ပေါ်လာတယ်၊

သိဏ္ဍေဟလို့ ပါဠိလို ခေါ်တယ်၊ သတ္တဝါဖြစ်ပေါ်ဖို့ အနှစ်သာရ သန္ဓေစိတ်ပေါ့၊ ဖိုမအချစ်မှာလည်း စွဲလမ်းတပ်မက်ဖွယ် လိင်စိတ်ဆိုတာ ပူးကပ်ပါနေတာပဲ၊ ဒါ သဘာဝ ကျပါတယ်"

"ဟုတ်တယ် ရဲကို၊ လိင်စိတ်ကို တံဆိပ်လှလှလေး ငေးစောင်းတယ်၊ အဲ့ဒီတံဆိပ်က အချစ်ပဲ၊ မှန်း. . . မင်းမျက်နှာကို ငေးစောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်းမယ်၊ အမုန့်ပဲ. . . မင်း ကောင်မလေးနဲ့ တွေ့ပြီးမှ နှာတံ ပိုပေါ်လာတယ်"

"ခွေးကောင်. . . ခွေးသေမင်း"

"ဟေ့ကောင်. . . ငါ စည်ပင်အမဲသားတုံးမှုတ်ဘူး"

၅ ၅ ၅ ၅





ယကြာ (ခေါ်) တင်တင်မေဝင်းက ဦးရဲထင်ကျော်ထံ သုံးယောက်စလုံးနှင့် တွေ့ချင်ကြောင်း ဖုန်းဆက်ချိန်းဆိုခဲ့သည်။ ဦးရဲထင်ကျော်က ရုံးပိတ်ရက်တွင် သုံးယောက်လုံး အားသည်။ သည်နေ့ တနင်္ဂနွေ ရုံးချုပ်သို့ လာခဲ့ရန် ချိန်းဆိုသည်။ စောရောက်၍ စောင့်နေကြခြင်းဖြစ်သည်။ အဖော်ရရန် နွေးနွေးကို အောက်ထပ်တွင် အကြိုခိုင်းထားသည်။

"ဒီတော့ ဒီလိုလုပ်ကွာ၊ ကောင်မလေး လာရင် မင်းခဏ ရှောင်နေ၊ ငါ ဖျောင်းဖျနားချပြီး သံခင်းတမန်ခင်း ဝင်မယ်၊ ပြေလည်ပြီဆိုမှ မင်းထွက်ခဲ့"

"အဲ့ဒါတွေ အားကိုးတာ ချစ်ကိုကြီးရဲကို"

"ဟေ့ကောင်. . . ငါဘုန်းကြီးမှုတ်ဘူး၊ လက်အုပ်မချီနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဖက်နမ်းမယ်ဗျာ"

မင်းသိဏ်းက နှာခေါင်းရှုံ့ချည်ပွချည် လုပ်၍. . .

"ဒီကောင် သိဏ်းဟာ ကြွနေပုံရတယ်၊ အနံ့ပေးနေတယ် ကိုကြီးရဲ့"

ထိုစဉ် အောက်ခါတ်လှေခါးဝ အင်တာကွန်းမှ အသံတက်လာ၏။

"အမ်ဒီ. . ညည်းသည်ရောက်ပါပြီရှင်"

'ပျူငှာလိုက်လှဲ့စွာ ခေါ်ခဲ့ပါ နွေးနွေး"

"ဒုတ်. . ဒုတ်. . ဒုတ်. . ဒုတ်"

သူ့ရင်ထဲ မျောက်ထက်ဆိုးသော အကောင်တစ်ကောင် ဝင်ဆော့နေရော့သလား။

"ကျွန်. . ကျွန်တော်. . ဘယ်. . ဘယ်မှာပုန်းရမလဲ!"

မင်းသိဏ်းက. . .

"အိမ်သာထဲ အဆင်ပြေသလို ဝင်စားနေကွာ"

နောက်ဆုံးတော့ ဧည့်ခန်းကို ချောင်း၍ရသော MD ရုံးခန်းထဲသာ ဝင်ခဲ့ရလေသည်။ မင်းသိဏ်းက ဧည့်ခန်းတံခါးဖွင့်၍ လက်ဝါးလေး ဖြန့်ခင်းပြ၍ ကြိုဆိုသည်။ (ရန့်ကြိုရှုရန် ဖြစ်သည်)

လှပစွာ အပွကောက်ထားသော ညိုမောင်းသည့်ဆံပင်ညိုတွေကို ဘီးကုတ်နှင့် နဖူးပြောင်အောင် လှန်တင်ထားသည်။ လိမ်း





ထားမှန်း မသိအောင် နုဂိုမျက်နှာလှလှကို ပါးပါးလေး သ,ထားသည်။

ပန်းသွေးဖျော့ဖျော့ နှုတ်ခမ်းဆေးဆိုးထား၏။ သပ်ရပ်တိပသော နှုတ်ခမ်းနှစ်လွှာကြားမှ သွားတိုက်ဆေးကြော်ငြာထဲကထက် လှပသော သွားတန်းပေါ်အောင် ပြုံးပြသည်။

ဖျော့ဖျော့လေး ဝါသော ပိုးအင်္ကျီလက်ပြတ်နှင့် ရွှေအိုရောင်စကတ် (ခပ်စောင်းစောင်းအနားများ)က လိုက်ဖက်တင့်မောနေသည်။ အညိုရောင်ကြိုးသိုင်း ပင်စယ်လ်ဟီးနှင့် ခေါင်းလောင်းလေး တွေပါသော Leg-chain က ခြေသလုံးနှင့် ခြေဖမိုး၊ ခြေသည်းအလှကို လှစ်ပြနေသည်။ မှန်ပါသည်။ ကိုယ်သင်းနံ့တစ်မျိုး ချက်ချင်းပင် ဝန်းကျင်တခို အုပ်မိုးလွှမ်းခြုံသွားသည်။

"ကြွပါ. . ခရိုမီယမ်မိသားစုက နွေးထွေးစွာ ကြိုဆိုပါတယ် ခင်ဗျာ"

MD က မတ်တတ်ထရပ်၍ ကြိုဆိုသည်။ နောက်က လိုက်ဝင်လာသော နွေးနွေးက မျက်ခုံးပင့်၍ မင်းသိဏ်းကို မျက်လုံးပြူးပြသည်။ မင်းသိဏ်း သူ့နှားက သူမအဖြတ် အသက်တဝရှိုက်သွင်း၍ သူမ၏ရနံ့ကို သုတေသနပြု ခွဲခြမ်းစိတ်ဖြာကြည့်မိသည်။

အဟုတ်ပါပဲ။ ပြန်ရှုထုတ်ရန်ပင် နှမြောသလိုဖြစ်သွားသည်။ ဟိုကောင် ရဲကိုပြောတာ မလွန်ဘူးဟု မှတ်ချက်ချလိုက်မိသည်။

အင်း. . ထပ်ရှူခွင့် ရဦးမှာပဲလေ။ နှမြောမနေနဲ့. . မှုတ်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်လိုက်။

အိခနဲနှင့် အိခနဲချင်း ထိတွေ့ကြသည်။ (ဆိုဖာပေါ် သူမ ထိုင်လိုက်ခြင်းပါ။) ထိုင်ထိုင်ချင်းပင်. . .

"ဟိုတစ်ယောက်လည်း မတွေ့ပါလား"

"လာပါလိမ့်မယ်ခင်ဗျ. . . ကိစ္စတစ်ခု ရှိနေလို့ပါ"

"မမ. . အပူလား အအေးလားဟင်!"

"ဘာဖြစ်ဖြစ် ရပါတယ် ညီမလေးနွေး"

"ခင်တောင် ခင်သွားကြပြီလား"

"နွေးက မြင်မြင်ချင်း ချစ်စရာကောင်းအောင် နွေးထွေးပါတယ်ရှင်"

"ကျေးဇူးပဲ မမ၊ ကော်ဖီနဲ့ကွတ်ကီး၊ ပီဇာပါ ကျွေးပါ့မယ်. . ဟင်း. . ဟင်း"

"ရုံးပိတ်ရက် အလုံအဆောက်အဦးထဲက ယောကျ်ားသား သုံးယောက်ကို လာတွေ့မယ့် ခပ်စွာစွာ မိန်းမတစ်ယောက်ကို မိန်းကလေးတစ်ယောက်က နွေးနွေးထွေးထွေး ကြိုနေတဲ့ အစီအစဉ်ကိုတော့ ဦးဆုံးချီးကျူးရင်း ကျေးဇူးတင်ကြောင်း ပြောပါရစေ၊

တစ်ဆက်တည်းမှာပဲ ကျွန်မစိတ်ထဲ ခိုးလိုးခုလု ဖြစ်စေတာကတော့ အဓိက ကာယကံရှင် ဝီရိယနည်းစွာ ရောက်မနေတာပါပဲ"

ဆက်တိုက်ပြောချလိုက်ပုံက. . ထက်ထက်မြက်မြက် ရှိ





ကြောင်း ပြနေသည့်အပြင် သူမကိုယ်သူမ ခပ်စွာစွာဟု ဝိသေသ ပြုလိုက်ပုံက လှပ,ပွင့်လင်းနေ၏။

"ရောက်မနေဘူးလို့ ကျွန်တော် မပြောပါဘူးခင်ဗျာ၊ အကြောင်းတစ်ခုခုကြောင့် ဒီအခန်းထဲ ရှိမနေတာပါ ဒေါ်. . ."

"တင်တင်မေဝင်းပါရှင်"

"ဟုတ်ကဲ့ ဒေါ်တင်တင်မေဝင်း၊ ကျွန်တော် ရဲထင်ကျော်ပါ၊ အဲ. . . ရေမရောတဲ့ ရဲထင်ကျော်အစစ်ပါခင်ဗျာ၊ သူကတော့ သိပြီးသား လက်ထောက်အင်ဂျင်နီယာ ဦးမင်းသိဏ်းပါ၊ ဏကြီးနဲ့ သိဏ်းပါတယ်"

သူမ ညို့ခြင်း ပြင်းအားပါသောအပြုံးကို ပြုံးသည်။

"ဒါဆိုရင် ရေရောထားတဲ့ ရဲထင်ကျော်အတုက. . ဒီ အဆောက်အဦးထဲမှာပဲ ရှိပြီး ဘာဖြစ်လို့ ဒီအခန်းထဲ ရောက်မနေရတာလဲရှင်"

"အဲ့ဒါကို ရှင်းပြချင်လို့ပါခင်ဗျာ"

ကော်ဖီ၊ ကွတ်ကီးနှင့် ပီဇာပူပူနွေးနွေးတွေကို နွေးနွေးက ဗျတ်ပန်းကြီးနှင့် ယူ၍ လာချပေးသည်။ ရဲထင်ကျော်၊ မင်းသိဏ်း၊ တင်တင်မေဝင်း၊ သူ့အတွက်အပြင် အပိုတစ်ခွက်ပါ နွေးနွေးက တင်တင်မေဝင်း မျက်နှာချင်းဆိုင်တွင် ချပေးထားသည်။ ရဲကို့ အတွက် ဖြစ်သည်။ တင်တင်မေဝင်းကလည်း ရိပ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပီဇာအရင်စား မမ၊ ရုံးမှာ Oven ရှိတယ်၊ အပူပေးထားတာ"

"စားမယ် ညီမလေး၊ ဒေါသနည်းနည်းဖြစ်နေလို့ ဘာမှ စားမလာဘူး. . . ဆာနေပြီ"

တကယ်ကို ဟန်မဆောင်ဘဲ စားပါလေသည်။

ပီဇာစားပြီး ကော်ဖီငုံနေမှပဲ ရဲထင်ကျော်က မေးပါသည်။

"ဘာတွေများ ဒေါသဖြစ်လာရတာတုန်း ဒေါ်တင်တင်မေဝင်း"

"ခုလို ကြုံဆိုတဲ့အတွက် ဒေါသပြေသွားလို့ စားတာပါ၊ မဖြစ်ဘဲ နေမလားရှင်၊ ရှင်တို့လူက ကူညီမယ့်သူကို ညာထားတာလေ၊ ရဲကိုက ရဲကိုပေ့ါ၊ ဘာလို့ ရဲထင်ကျော်ရတာတုန်း"

ဒေါသ Tone က ပါလာသည်မို့. . .

"အဲ့ဒါကို ရှင်းပြမလို့ပါ ဒေါ်တင်တင်မေဝင်း"

"ဒေါ်ကြီးမထည့်ပါနဲ့ရှင်. . . တင်တင် ဒါမှမဟုတ် မေဝင်း ကြိုက်တာခေါ်ပါ"

မင်းသိဏ်းက ဝင်ဖောက်သည်။

"ခေါ်လို့ကောင်းတာက ယတြာပဲ၊ ဘာလဲဗျ. . . အဲ့ဒီ ယတြာနာမည်က"

"ရှင်တို့လူက အဲ့ဒီအကြောင်း မပြောပြဘူးလား!"





"ဘာမှမပြောပြဘူးခင်ဗျ"

"အဲ့ဒါဆို အဲ့ဒီနာမည်နဲ့ အဲ့ဒီအကြောင်း မေ့လိုက်ကြပါစို့"

တော်လိုက်သည့်မင်းသိဏ်း။ သူ့ဘက်က အစသိမ်းချင်သော ယတြာတုအကြောင်းကို သူမဘက်က ပတ်စာခွာ ဖျာသိမ်းသွားအောင် ပညာသားပါပါ အသုံးတော်ခံလိုက်ပုံ။ ယောက်ဖကြီးဆိုပြီး ချောင်းနေရာက ပြေးထွက်ဖက်နမ်းပစ်လိုက်ရ။

"ဒီလိုဖြစ်တာပါ မမေဝင်း၊ ကျွန်တော်က အမိန့်ထုတ်ပြန်ထားတယ်၊ သွားလေရာရာ ကုမ္ပဏီ VC ယူသွားဖို့ပါ၊

လုပ်ငန်းသဘောအရ ကုမ္ပဏီကို လူပိုသိအောင်၊ ကိုယ်တိုင်လည်း လူကြီးလူကောင်းတစ်ယောက်ဖြစ်ကြောင်း သက်သေကတ်လေးပေ့ါ၊ ကိုရဲကိုက အပြင်ထွက်ရတာ များတယ်၊ ချစ်ခင်သူ ပေါတယ်၊ ဒါကြောင့် သူ့ကတ်က ခဏလေး ကုန်သွားတယ်ဗျာ၊ အသစ်ထပ်မရိုက်ခင် ကျွန်တော့်ကတ်တွေ သုံးဖို့ ကျွန်တော်ပဲ သူ့ကို ပေးထားတာပါခင်ဗျာ"

မင်းသိဏ်းက မင်သေသေပင် ဆက်ပြောသည်။

"ကိုကြီးရဲနဲ့ကိုရဲကလည်း ကျောင်းကတည်းက ညီအစ်ကိုလို နေခဲ့ကြတယ်ဗျာ၊ နှစ်ယောက်စလုံးကို ခွဲနေရင် ခင်မင်သူတွေက လည်း ကိုရဲပဲ ခေါ်ကြတယ်၊ နှစ်ယောက်တွဲလာရင်တော့ ရဲကြီး ရဲလေးပေ့ါ၊ ကိုကြီးရဲရဲ့ကတ်သုံးတာလည်း ဘာမှပြဿနာမရှိခဲ့ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မမေဝင်းကို ပေးပြီး MD ပါလားလို့ အထင်ကြီးခံချင်စိတ်လည်း ဒီကောင့်မှာ ရှိပုံမရပါဘူး၊ ဒီကောင်က ရိုးကယ်၊

ဖြစ်ချင်တော့ ကိုကြီးရဲ့နဲ့ တိုက်ရိုက်တိုးပြီး မိတ်ဆက်ရတဲ့ အခါကျတော့ အခုန ချောလဲရောထိုင် မှိန်းနေပုံက်တာကို ဒီကောင်တော်တော်ခွကျသွ...ယ်၊ သူက ခပ်တည်တည် ရဲထင်ကျော် လုံ...တော့တာပေါ့။ ကိုကြီးရဲကိုတော့ ရဲကိုလို့ ဇွတ်လုပ်ပစ်ရတော့တာလေ"

"အင်း. . . ဟုတ်ပ၊ ကျွန်မ သဘောပေါက်ပေးလို့ရပါပြီ၊ အဲ့ဒီအခြေအနေမှာ သူ ဒီလိုပဲ လုပ်ရမှာပါပဲ"

ရဲထင်ကျော် ပြုံးလိုက်သည်။ သူမက စကားဆက်သည်။

"ထင်တော့ ထင်သား၊ ရွှေပွင့်ဖြူမှာ သူက ရဲကိုဆိုတော့ ဒီကအစ်ကို ယောင်နနဖြစ်သွားတာ ကျွန်မပြန်သတိရတယ်. . . ဟင်း. . . ဟင်း"

ခုမှပင် နွေးနွေး သက်ပြင်းချ လက်ခုပ်လေး ဖွဖွတီးပြီး အပြီးဟု ရယ်ရင်း. . .

"မမ ပထမဆုံး ဖုန်းဆက်တုန်းက ကိုရဲ ကျွန်မနားမှာ Drawing ဆွဲနေတာ၊ ယတြာလို့လည်း ကြားရော ပျာယာခတ် ပြေးလာတာ၊ ဖုန်းကျသွားတော့ ဘယ် P.C.O လဲ၊ နယ်မြေရှာစမ်းတွေဘာတွေဖြစ်တာ၊ ကိုရဲ သွားတော့ကော ဟိုက ဖုန်းနားရှိပါတော့မလားဆိုမှ





ကိုယ်ရှိန်သက်သွားတယ်လေ"

မင်းသိဏ်းကလည်း ဘီးဝင်တပ်၍ ချောဆိထိုးသည်။

"မမေဝင်းကားကို ကင်တာကားနဲ့ လိုက်ဖို့ မကွေ့ရကြီး အတင်းကွေ့လိုက်တာလေ၊ ဘီလပ်မြေတွေနဲ့ ရဲဆီးဖမ်းထားလို့"

ရဲထင်ကျော်ကလည်း ကြုံတုန်း ဝင်ထောင်သည်။

"ဆံပင်ညှပ်ရက်တာန်းလန်းဗျာ. . . မမေဝင်းကို တွေ့လို့ ခုံပေါ်က. ဘင်းလိုက်သတဲ့၊ လည်ပင်းပိတ်ဖြူပတ်. . ဆံပင်ကြားမှာ သတ္တုဘီးတန်းလန်းနဲ့ လူကြားထဲ ကျွန်တော်တို့ ကလိုင်းရင့်စ်(ဖောက်သည်)ပာစယောက်က သူ့ကိုမြင်သွားတယ်လေ"

တင်တင်မေဝင်းက. . .

"ဩော်. . . ကိုရဲဆိုတဲ့ကိုရဲကို လူပေါင်းမှန်တယ်နော်၊ အောင်သွယ်တော် ဖိုးလမင်းတွေချည်းပါလား. . ဟင်း. . ဟင်း"

သူမ ပြောပုံက ရိုးစင်းပွင့်လင်းနေသည်။

မင်းသိဏ်းက လက်ဝါးနှစ်ဖက် ပါးစပ်ရှေ့ အုပ်ကာ၍. . .

"ကဲ. . ခရိုမီယမ်ရဲ့မင်းသားကြီး ထွက်ပါတော့ဗျို့၊ ဇာတ်ခုံအောက်မှာ ဆံ့အနားမကြား မျက်မမြင်ပရိသတ် အသင့်စောင့်နေပါတယ်"

ခေါင်းငုံ့၍ MD အခန်းထဲမှ ထွက်လာပြီး ရှက်ကန်ကန်နှင့် ဝင်ထိုင်သည်။ တင်တင်မေဝင်းကိုယ်တိုင်က. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ရှင်ခေါ် လိုက်တာ မင်းသားကြီးပါ၊ ထွက်လာတာက ရေရောထားတဲ့ ဦးရဲထင်ကျော်အတု လူလိမ်ကြီးပါလားရှင်"

ပေါ့ပေါ့ပါးပါး တဟားဟား ရယ်ကြသည်။ တင်တင်မေဝင်းက ဟာသနှင့် ဖော့ပေးသော်လည်း သူ တကယ်ပင် ခေါင်းမော့ရခက်နေပါလေသည်။ နွေးနွေးက. . .

"ကိုရဲ မနက်ကတည်းက ရင်တွေတုန်ပြီး ဘာမှမစားရသေးတာ နွေးနွေးသိတယ်၊ ပီဇာစား. . . ကော်ဖီသောက်လိုက်ဦး"

ဇတ်ခနဲ ပီဇာလှမ်းယူပြီး ကလေးဆိုးကြီးလို ခေါင်းငုံ့စားနေသည်။ မင်းသိဏ်းက သန့်စင်ခန်းဟု ပြော၍ ထသွားသည်။ နွေးနွေးက စားပြီးသားပန်းကန်တွေ ဗျတ်ပန်းပေါ် တင်၍ ထွက်သွားသည်။ ခဏအကြာ (မင်းသိဏ်းလက်ချက်ဖြစ်မည်။) ရဲထင်ကျော် ဟန်းဖုန်းမြည်လာသည်။ ရယ်ရယ်ပြုံးပြုံးနှင့် ထရပ်ရင်း. . .

"ကျွန်တော်တို့လူ ကာယိန္ဓေကို မမေဝင်း စောင့်ရှောက်ပေးပါနော်. . . ဖုန်းပြောချင်လို့"

နှစ်ယောက်တည်း တမင်ထားခဲ့မှန်း သိသော်လည်း တင်တင်မေဝင်းက ဟန်လုပ်၍ပင် တားမနေပါ။ နှစ်ယောက်တည်း ကျန်ခဲ့သည်။ သူခေါင်းမမော့ရဲသေး။ ခဏငြိမ်သက်နေကြသည်။

တခွိခွိ ရယ်သံက ငြိမ်ဆိတ်မှုကို စတင်ဖြိုခွင်းနေသည်။ ပါးစပ်ပိတ်၍ ထိန်း၍ရယ်နေသံဖြစ်သည်။ သူ မသိမသာ လှန်ကြည့်





မိသည်။ လက်နှင့်ကို ပိတ်၍ ရယ်ချင်စိတ်ကို အတင်းမျိုသိပ်နေသော စွဲလမ်းရသူကို သူ့ရှေ့ စားပွဲတစ်လုံးခြားမှာ အတိုင်းသား မြင်နေရပေပြီ။ သူ့ကို လှမ်းကြည့်၍ ပိုရယ်သည်။

"ဘာလဲဗျာ. . . ကျွန်တော်က ချာလီချက်ပလင်လည်း မဟုတ်၊ သန်းနွဲ့လည်း မဟုတ်၊ မော့စ်လည်း မဟုတ်ပါဘူး၊ ဘာရယ်စရာ တွေ့လို့လဲဗျာ"

လက်ဖွင့် ပါးစပ်ဖွင့်၍ ခဏရယ်နေသေးသည်။ ပြီးမှ. . .

"ဆံသဆိုင် မှန်တံခါးထဲက ဒရောသောပါး ဖိနပ်တစ်ဖက်နဲ့ ထွက်လာကတည်းက တို့မြင်တယ်"

"ဟာ. . . သွားပြီကွာ"

"တို့ တစ်ဆိုင်ကျော် ထောင့်ကွယ်လေးက လှမ်းကြည့်နေခဲ့တာ. . ခွိ. . ခွိ. . ခွိ၊ နောက်ကနေ မသိမသာ ကွယ်ပြီး တစ်လျှောက်လုံး လိုက်ကြည့်နေခဲ့တာ၊ ဘီးကြီး ခေါင်းမှာတန်းလန်း၊ လည်ပင်းမှာက ကလေးတွေ သွားရည်ခံ အကြီးစားကြီး ပတ်လို့၊ အဟတ်. . . ဟား. . ဟား. . ဟား၊

ယူ့နောက်က လူတွေ ဘာပြောကျန်ခဲ့လဲ သိလား. . . ဟင်း. . . ဟင်း"

"မသိချင်ဘူးဗျာ. . . တော်ပြီ၊ ကျွန်တော်အရမ်းရှက်နေပြီ၊ မပြောနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း . . ဟင်း . . မရဘူး ပြောမှာပဲ၊ ယဉ်ယဉ်လေးနော်. . ငယ်ငယ်ချောချောလေး၊ နှမျောစရာလေး၊ ကုရင်ပျောက်မှာပါ. . . ဟင်း. . . ဟင်း"

"တော်ပြီဗျာ. . . ပြောချင်လည်းပြော၊ ကဲ. . . နားပိတ်ထားပြီ"

သူမ ရဲရဲတင်းတင်းပင် နားပိတ်ထားသော သူ့နား လာထိုင်ရင်း သူ့နားရွက်နား ကပ်၍. . .

"အရူးလေး. . အရူးလေး. . အရူးလေး. . အရူးလေး၊ အရူးလေး ကြားတယ်ဟုတ်၊ မျက်နှာကြီး နီလာနေပြီ၊ ဟော့. . . ကြည့်ရှောင်ကြ၊ နောက်မှာ အရူးဖမ်းတဲ့လူတွေ လိုက်ချင်လိုက်လာမှာတဲ့၊ မရှက်ဘူးလား. . အရူးလေး"

"ဘယ်သူမှ မရှိဘူးနော်၊ နောက်ထပ်ပြောရင် ကျွန်တော်ဖက်နမ်းပစ်မှာ"

သူ နားနှစ်ဖက် ပိတ်ရင်းက ပြောခြင်းဖြစ်သည်။

"ကျေးဇူးရှင်ကို ဘယ်တော့မှ မစော်ကားဘူးလို့ ပြောခဲ့တာမှတ်မိလား"

"မမှတ်မိဘူး"

"ဟား. . ဟား. . ဟား. . သူကြားတယ်ဟော့၊ ကိုယ့်အကျီအရောင် ဝတ်ထားတဲ့မိန်းမနောက် တကောက်ကောက် လျှောက်





လိုက်နေတဲ့အရူးလေး၊ လှည့်လည်း ကြည့်ရော ကျောက်ပေါက်တောနဲ့ သွားခေါ်ကြီး. . ဟင်း. . ဟင်း. . ဟင်း"

သူ နားပိတ်ထားဆဲ၊ မျက်စိပါ မှိတ်ထားသည်။

"ငေါင်ပြီးကျန်ခဲ့ပုံလေးက အမေ မုန့်ဖိုးမပေးဘဲ ထားရစ်ခဲ့တဲ့ကလေးလေး ကျနေတာပဲ"

"အဲ့ဒီကလေးက ကလေးဆိုးကြီးနော်၊ ကလေးဆိုးဆိုတာခွင့်လွှတ်ရတယ်"

ဖျတ်ခနဲ လှမ်းဖက်လိုက်သည်။ အငိုက်မို့ မိသွားသည်။ တမင် အမိခံခြင်းလည်း ဖြစ်နိုင်သည်။ (နောင်အခါ တင်တင်မေဝင်းက ပြောပြသည်။ ဖိနပ်တစ်ဖက် မပါတဲ့ အဲ့ဒီသွားရည်ခံနဲ့ ကလေးဆိုး အရူးလေးကို အဲ့ဒီခဏမှာတင် အရမ်းချစ်သွားခဲ့ခြင်းဖြစ်ပါသတဲ့)

MD ရုံးခန်းထဲမှာ ဖြစ်ပျက်နေပုံကိုတော့ သူတို့နှစ်ယောက်မသိခဲ့။

"ဟဲ့. . . မင်းသိကျားနဲ့နွေးနွေး ဖယ်ဦး၊ ငါ့အလှည့်"

"ဟာ. . . အမ်ဒီကလည်း ကောင်းခန်းရောက်မှ"

'အဲ့ဒီအခန်းကို ငါစောင့်နေတာ' တဲ့လေ။






www.burmeseclassic.com

www.burmeseclassic.com

မိခင်အပြော ။ ။
"သားလေးက တစ်ဦးတည်းသော အလိမ္မာသားလေးပါ၊
မိဘစကား မြေဝယ်မကျ နားထောင်တယ်"

ချွေးမလောင်းအတွေး ။ ။
"ဒါဆို ငါ့စကား နားထောင်မှာ
မှုတ်ဘူး၊ ဖြစ်ချေဘူး"








# အခန်း (၅)

"ဖြစ်တည်မှု အဓိကဝါဒကို စတင် တင်သွင်းလာသူတွေကတော့ ဆရာထင်လင်းနဲ့ ဆရာမကြီးကြည်အေးပဲ၊ ကိုယ့်လေ့လာမှုမှားယွင်းနိုင်ပါတယ်"

"ဖြစ်တည်မှု အဓိကဝါဒကို လူပြိန်းနားလည်အောင် ဟောဒီက တင်တင်မေဝင်းဆိုတဲ့ မြီးကောင်ပေါက်လေး နားလည်အောင် စကားလုံးအကြီးကြီးတွေ မပါဘဲ ပြောပြပါလား"



www.burmeseclassic.com

www.burmeseclassic.com



သူမ စုတ်ပြီးသား လိမ္မော်သီးနှင့် ပျားရည်ဖျော်ရည်ကို ပိုက်ကောက်ကလေး လှည့်ပေးရင်း သူ့ရှေ့ တွန်းပို့သည်။

"အဲ့ဒီစကားကို ဆရာမကြီးကြည်အေးက သူ့ဇာတ်ကောင်တစ်ယောက်ကို ပြောခိုင်းခဲ့တယ်၊ ကိုယ်မှတ်မိသလောက်တော့ *'ဘယ်သူ့ ကိုမှ မထိခိုက် မနာကျင်စေရဘဲ ကျွန်မ နေတတ်သလိုနေမယ်၊ နေချင်သလိုနေမယ်'* . . တဲ့"

"အဲ့ဒီစကားကို မေကြိုက်တယ်၊ တစ်ခါတလေ ဟိုနားဒီနားပေါ့နော်၊ အိမ်မှာ တစ်ယောက်တည်း နေသလိုပဲ ထွက်ချင်ထွက်လာမိတယ်၊ အဲ့ဒါ ဘယ်သူ့ကို စော်ကားနေလို့လဲ၊ အပြင်က လုံခြုံနေရင်ပြီးတာပဲလေ၊ အဲ့ဒါကို ဒီမိန်းမ ကလက်တယ် လော်မာတယ် ပြောလာကြတယ်၊ မေ အဲ့ဒါမျိုး သိပ်ဂရုမစိုက်ဘူး"

"မြန်မာ့ယဉ်ကျေးမှုဆိုတာကြီးက ရှိနေတာကိုး မေရဲ့"

"ပြီးတော့ မေတစ်ယောက်တည်း ညပွဲရုပ်ရှင်ကြည့်ချင်လာရင် သွားကြည့်တယ်၊ အဲ့ဒါ ဘယ်သူ့ကို ထိခိုက်နာကျင်စေလို့လဲ၊ ပတ်ဝန်းကျင်က တချို့ဆို မေ့ကို မျက်ခုံးဒေါက်ထောက်ကြည့်နေကြတယ်. . .

ဗုဒ္ဓရဲ့အမြင့်ဆုံး ဥပေက္ခာတရားကိုသာ သိမထားရင် တော်တော် အနေရခက်မယ့် ပတ်ဝန်းကျင်အဟောင်းကြီးပဲ"

မောသွားသလို အအေးဖန်ခွက် ပြန်ယူစုပ်သောက်ရင်း





တို့ဟူးသုပ်ကို လက်စသတ်သည်။

"ဒါနဲ့ မေ တစ်ခုမေးမယ်၊ ကိုရဲ့ ခရေဇီ မြန်မာပြည်မှာ အကြိုက်ဆုံး ကဗျာဆရာ"

"အနန္တသူရိယပေါ့"

"အဲ့သလိုမှ ဖြေပါ့မလားလို့"

"ခါးမိုးထားတဲ့အချိန်မှာ 'မျက်ဖြေလင်္ကာ' ကို ရေးတာလေ၊ ဘုရင်ကို ပြန်ကောနေတာလို့ အရပ်စကားနဲ့ပဲ ပြောတော့မယ်၊ မှားပါတယ်ဆို သေမိန့်လွတ်တယ်လေ၊

ကမ္ဘာကျော် ဂျူးလီးယက်ဖူးချစ်ကတော့ ထောင်ထဲမှာ အေးအေးဆေးဆေး ရေးရတာ၊ တို့နိုင်ငံ အဲ့တုန်းက ကမ္ဘာမကျော်တော့ တို့ရဲ့မဟာကဗျာဆရာကြီးလည်း နာမည်မကျော်ဘူးပေါ့"

သူပြောပုံကို မေက နှစ်ခြိုက်စွာ ပြုံးသည်။

"ကမ္ဘာကျော်ခေါင်းဆောင်တွေဟာ စာဖတ်အားကောင်းပြီး ကဗျာတဲလင့်စ် ရှိတဲ့သူတွေချည်းပဲ၊ သူတို့ရဲ့ကမ္ဘာကျော် အဆိုအမိန့်တွေဟာ ကဗျာဆန်နေတာကို တွေ့ရလိမ့်မယ်၊ ရုပ်ရှင်မင်းသားကနေ သမ္မတကြီးဖြစ်လာတဲ့ ရော်နယ်ရီဂင်ကိုပဲ အနီးစပ်ဆုံး ဥပမာပေးချင်တယ်၊ သူ ကျမ်းသစ္စာကျိန်ဆိုပွဲမှာ ပြောတဲ့စကားပေါ့၊

*'အမေရိကန်ပြည်သူများခင်ဗျား. . . ခင်ဗျားတို့ဒုက္ခတွေ ဒီနေ့ကစပြီး ချုပ်ငြိမ်းသွားပါပြီ၊ ကျွန်တော့်ရဲ့ဒုက္ခတွေ စပါပြီ'*



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တဲ့. . အဲ့ဒါ ကဗျာခါတ် ပါမနေဘူးလား!"

"ဟင်း. . ဟင်း. . သူများတွေလို စာရှည်ကြီး ဖတ်မနေဘူး၊ ကျဉ်းကျဉ်းလေးနဲ့ လိုတိုရှင်းပဲ"

"သူ့ကို အိုပြီလို့ မီဒီယာတချို့က ပြော. .တာ့လည်း သူ တုံ့ပြန်တာ လှတယ် မေရဲ့. . . သိလား"

"ဘယ်လိုတုံ့ပြန်သလဲဟင်"

"ကျုပ်ကို အိုပြီလို့ တချို့က ပြောကြတယ်၊ ဒါပေမယ့် ခြေ အိတ်ဝတ်ရင် ခုတင်ပေါ် မထိုင်ရသေးပါဘူးတဲ့၊ ရှင်းခနဲ မြင်လိုက်ရ တယ် မှတ်လား"

"ဟုတ်တယ်နော်. . . ပညာလည်း ပါတယ်၊ ရိုးရှင်းတယ်၊ ကဲ. . . ကော်ဖီနဲ့ အစာပိတ်လိုက်ရအောင်၊ ဟော့. . ကလေး. . တို့သောက်နေကျ ကော်ဖီနှစ်ခွက် ပေးတော့"

"ဟုတ်ကဲ့ပါခင်ဗျာ"

တင်တင်မေဝင်းက ယခုအခါ ဂျပန်တိုးရစ်ဂိုက် လုပ်နေသည်။ ဂျပန်တိုးရစ်အုပ်စုတစ်စုကို သည်နေ့လယ် ကြိုဆို၍ ဆီဒိုးနား၌ နေရာချပေးပြီး မနက်ဖြန် ပုဂံခရီးစဉ် ရှိနေသည်။

မနက်တိုင်း သူမ ငှားနေသော ကုက္ကိုင်းလမ်းဆုံရှိ တိုက်ငယ်လေးမှ ဗဟန်းရှိ သူ့လမ်းထိပ်မှာ လာစောင့်ရင်း သည်ဆိုင်လေးတွင် မနက်စာ အတူတူစားသည်။ နောက် သူ့ကို လှိုင်ရှိ ခရိုမီယမ်ရုံးချုပ်





သို့မဟုတ် သူ့ Work SITE ထဲသို့ ပို့ပေးလေ့ရှိသည်။ ခရီးထွက်လျှင် တော့ တစ်နေ့ ဖုန်းသုံးခါဆက်လေ့ရှိသည်။ သူချစ်သလိုပင် သူမ သူ့ကို သိပ်ချစ်ကြောင်း ခံစားကြည်နူးသည်။

မေမေနှင့် မိတ်ဆက်ပေးရန် သူ အိမ်သို့ မကြာခဏ ခေါ်ဖူး သည်။

ခေါ်တိုင်းပင် တင်တင်မေဝင်းက ငြင်းသည်။ အကြောင်းပြ ချက်က တစ်ခုတည်း။

"တစ်ဦးတည်းသောသားရဲ့မိခင်တိုင်း ရင်ထဲမှာ ဘယ်လို ရှိနေတယ်ဆိုတာ မေသိတယ်၊ ကိုယ့်နှုတ်က ထုတ်မပြောပေမယ့် အမူအရာနဲ့ မပြပေမယ့် ဒီကောင်မ ငါ့ရင်နှစ်သည်းချာလေးကို လာလုတဲ့ဟာမလို့ အတွင်းသား အငုံ့စိတ်မှာ ရှိကိုရှိကြတယ်၊ ကို့ မေမေကို စော်ကားတာ မဟုတ်ဘူးနော်"

"ဒါဆို ကိုယ်တို့နှစ်ယောက် ပေါင်းစည်းရေးက. . "

"ဖူးစာပါရင် မလွဲပါဘူး ကိုရယ်၊ အချိန်ကို စောင့်ကြတာပေါ့၊ ဒီလိုနေရတာလည်း ပျော်စရာ ရင်ခုန်စရာကောင်းနေတာပဲဟာ"

သူလည်း ဘာမှထပ်မပြောတော့ပါ။

မေမေနဲ့ ခင်ပြီး မေမေ့ နှလုံးရောဂါအကြောင်း မေးပါက ယတြာအတူနှင့် အလောင်းအစားကိစ္စ ပေါ်လာမှာကိုလည်း သူ ကြောက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ SITE ထဲပဲ လိုက်ပို့ ဟုတ်တယ် . . . အန်တီစန်း တိုက်"

ကျသင့်ငွေကို ရှင်း၍ သူတို့နှစ်ယောက် ကားဆီ သွားနေသောအခါ တစ်ချိန်လုံး ဘောလုံးဂျာနယ်ကို မျက်နှာကွယ်ဖတ်နေသော ထောင့်စားပွဲက လူတစ်ယောက်က ဂျာနယ်ဖတ်၍ မျက်စိတစ်ဆုံး လိုက်ကြည့်နေခဲ့သည်။

ၚ ၚ ၚ ၚ





လှိုင်ရိပ်မွန် အိမ်ရာဝင်းဝတွင်ပင် သူဆင်းလိုက်သည်။

"ဖုန်းဆက်မယ်နော် ကို"

"အိုကေ"

ချစ်သူ၏ကားလေး မျက်စိမြင်ကွင်းမှ ပျောက်သွားသည်အထိ သူရပ်ကြည့်နေပြီးမှ ဝင်းထဲ လမ်းလျှောက်ဝင်ခဲ့သည်။ အန်တီစန်း၏လုံးချင်းတိုက်က လက်စသိမ်း အချောသတ်လုပ်ငန်းများသာ ကျန်သည်။ ကြွေပြားကပ်နေသည်။ ပါကေးခင်းနေသည်။ မီးအပြီးသတ် ဆင်နေသည်။

အင်း . . အန်တီစန်းသမီး 'မော်လီမောင်' ရောက်မနေပါစေနဲ့။ ရောက်နေရင်တော့ အာရုံနောက်ရဦးတော့မည်။ လူကဲခတ်အညံ့ဆုံးလူတစ်ယောက်သည်ပင် ကောင်မလေး သူ့ကို ကြိုက်ပြီဟုဆို



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံနေပုံကို သုံးမိနစ်သာ စောင့်ကြည့်။ ခပ်ရိုင်းရိုင်းပင် မှတ်ချက်ချပေမည်။ (ကန်တော့) ခင်ဗျားကို ထိုးကြွေးနေတာ ဟူ၍။ သည့်ထက် ရှင်းအောင်လည်း မပြောတတ်တော့ပါပြီ။

ဆယ်တန်းသုံးခါကျ။ ပုရိသကြိုက် ခန္ဓာအချိုးအစားပေါ်တွင် အလန်းဆုံး အဆန်းဆုံးတွေ မလုံ့တလုံ အမြဲလွှမ်းခြုံထားလေ့ရှိသည်။ ချွဲနွဲ့နေသောစကားသံက သူအမြဲတောင့်တနေတာ ဘာဟုသိသာသည်။ ဆွဲဆောင်မှု ရနံ့အတုအပြည့်နှင့်။

တော်သေး၏။ SITE ထဲ လှမ်းကြည့်လိုက်တော့ အန်တီစန်းကားရော မော်လီမောင်ကားပါ မတွေ့ရ။

"ဒီနေ့ တွတ်ပီကံကောင်းသည်"

ဆိုဒ်တာဝန်ခံ အင်ဂျင်နီယာလေး စောကာလစ်က သူ့ကို ထွက်ကြိုသည်။

"ဘာအခက်အခဲ ရှိသေးလဲ ညီလေး"

"ပါကေးက ဒီနေ့ လက်စသိမ်းပြီ အစ်ကို၊ နက်ဖြန် ပေါ်လစ်ရှင်း ဝင်လို့ရပြီ"

"မီးအပြီးဆင်ပါစေဦး. . . မီးသမားတွေ နင်းလို့ ကြမ်းတွေ ပြန်ကွက်ကုန်မယ်၊ ဆေးသုတ်ပြီး အားလုံးပြီးမှ ဖိုင်နယ်ကြမ်းခင်း ပေါ်လစ်ဝင်မယ်"

"ဟုတ်ကဲ့ အစ်ကို"





SITE ထဲ ပတ်ကြည့်သည်။ အားလုံးအဆင်ပြေနေသည်။ စာချုပ်ချုပ်ဆိုထားသော Target Date ထက် တစ်ပတ်ခန့်ပင် စောပြီးနေနိုင်သည်။

"စောကာလစ်. . . Target Date အမီပြီးတဲ့ မင်းအရည်အချင်းအတွက် ခရိုမီယမ် ဘွန်းနပ်စ် ရလိမ့်မယ်ကွ"

"ကျေးဇူးပါ အစ်ကို၊ ကျွန်တော့်အရည်အချင်းထက် အစ်ကို့ပံ့ပိုးမှု သွန်သင်မှုက ပိုပါတယ်ခင်ဗျ"

"အေး. . . ငါ ကွန်ဒိုဘက် သွားဦးမယ်"

"ရုံးကား ဘာလို့ ယူမလာတာလဲ"

"ဖယ်ရီရှိနေတယ်လေကွာ. . ဟင်း. . ဟင်း"

သူ ထွက်မည်ပြုစဉ်မှာပင် မော်လီမောင်၏ဆိုက်ကနပ် ကားဖြူကြီး ခေါင်းထိုးဆိုက်လာ၏။ သေလိုက်ကွာ။

စကပ်တိုနှင့် ပေါင်တံက ကားထဲက အရင်ထွက်လာ၏။

"ဟာဟ. . . မော့်အိပ်မက် မှန်တယ် ကိုကိုရေ့၊ ဖုန်းကြိုမဆက် ကြိုချိန်းမထားဘဲ ကိုကိုနဲ့ အိပ်မက်ထဲမှာ ညက တွေ့တယ်၊ အိပ်မက်ထဲမှာတော့ မခုတ်တတ်တဲ့ကြောင်ကြီးက အရမ်းကဲတာပဲ၊ စောကာလစ်ရေ. . . ကားနောက်ခန်းမှာ ငါးဆင့်ချိုင့် ပါတယ်၊ ကိုကို့အတွက် အိမ်လုပ် ရွှေတောင်ခေါက်ဆွဲ ပါလာတယ်၊ ကိုကို အဝစားရမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ရုံးခန်းဆီ လက်မောင်းကို ဖက်တွယ်၍ ပြန်ဆွဲသွင်းလာသည်။ လုပ်လိုက်ဟ။ ငွေစာရင်းကိုင် ကောင်မလေး သိင်္ဂီက မသိမသာ ရုံးနောက်ဘက် ဝင်သွားသည်။ မော်လီမောင်က လှမ်းအော်သည်။

"သိင်္ဂီရေ. . . ပန်းကန်တွေ ရုံးခန်းထဲ ယူလာပေးပါဟော့၊ ညည်းတို့ဖို့လည်း ပါတယ်"

"မော်လေ. . . အိမ်မှာ မာမီ့ကိုတောင် ထမင်းပြင်ပေးဖူးတာ မဟုတ်ဘူး၊ ကိုကို့ကို မော်ကိုယ်တိုင် အခု မုန့်ပွဲပြင်ပေးမယ်နော်"

ရွှေတောင်ခေါက်ဆွဲကို ဟင်းရည်နည်းနည်းဆမ်း၍ ပယ်ပယ်နယ်နယ်ပင် သူမလက်နှင့် နယ်ဖတ်နေသည်။ နည်းနည်းမြည်းကြည့်သည်။

"ဘာလိုလဲ ကိုကို၊ ရော့. . . နည်းနည်းမြည်းကြည့်"

လက်နှင့်ပင် တစ်လုပ်စာ ပါးစပ်နား လာတော့သည်။

"သည်းခံ ငါ့ညီ. . . အလုပ်ရှင်ကွ၊ ပြီးတော့ Bill က မော်လီပဲ ရှင်းတာ၊ ပွဲပါမသွားဘူးကွာ"

ဟူသော ကိုကြီးရဲအသံ ပြန်ကြားသည်။

ပါးစပ်ဟ,ပေးလိုက်သည်။ အကောင်းစားတွေချည်းမို့ ကောင်းပါသည်။ သို့သော် ဗိုက်က ပြည့်နေပြီ။ အာရုံက ခပ်နောက်နောက်မို့ ခံတွင်းမတွေ့။





"ကောင်းလားဟင်. . . ဘာလိုလဲ ကိုကို"

ဘာမဆို ရတယ်နော်ဟု ခပ်တိုးတိုးလေသံနှင့် နှစ်ကိုယ်ကြား ကပ်ပြောလိုက်သေးသည်။

"ဘာမှမလိုပါဘူး. . . ကောင်းပါတယ်"

နယ်ဖတ်ထားသော သူမလက်ချောင်းများကို ခရမ်းရောင်နှုတ်ခမ်းနှင့် အငမ်းမရ စုပ်နေသည်။ စုပ်ရင်းလည်း သူ့ကို ကြည့်နေသေးသည်။ ဟူး. . . ဟန်ဆောင်ပန်ဆောင် ဝါးရင်း အတင်းမျိုနေရသည်။

"သိင်္ဂီရေ. . . လက်ဆေးရည်နဲ့ဆပ်ပြာ မော်လီမောင့်ကို ပေးလိုက်ပါကွယ်"

ပြောရင်း စောကာလစ်ကို မသိမသာ မျက်ရိပ်ပြလိုက်သည်။ တချောင်းချောင်းမှ သူ့ဆီ ဖုန်းလှမ်းဆက်ရန်ဖြစ်သည်။ ခဏအကြာ ဖုန်းဝင်လာသည်။

"ကောင်းပြီ. . . အခု လာခဲ့မယ်"

"ဘယ်ကိုလဲ ကိုကို"

"ဟိုနားက ကွန်ဒိုဆိုက်ထဲမှာ ပြဿနာနည်းနည်းတက်နေလို့တဲ့"

"ကုန်အောင်စားပြီးမှသွား. . . မရဘူး"

"ပြဿနာက ချက်ချင်းဖြေရှင်းရမယ့်ပြဿနာမို့ပါ မော်လီ



www.burmeseclassic.com

www.burmeseclassic.com



ရယ်"

"ဒါဆို မော်လိုက်ပို့ပေးမယ်လေ"

"နေပါစေ. . . ဒီနားလေးတင်ပဲဟာ"

သူ ကမန်းကတန်းပင် ထွက်လာခဲ့သည်။ ဖြစ်ချင်တော့ ဝင်းအဝတွင် အန်တီစန်း၏ဖော့ဒ်ကားနှင့် တန်းတိုးသည်။ ကားပေါ်က ဆင်းလာပြီး သူ့လက်ကို ရေကြီးသုတ်ပြာ ဆွဲ၍ ပန်းချီနား ခေါ်လာသည်။

"မောင်ရဲကို. . . မင်းကို အထူးသတိပေးစရာရှိလို့ကွယ့်"

"ဘာပါလိမ့် အန်တီစန်း. . . မထိတ်သာမလန့်သာဗျာ"

"အခု မင်းတွဲနေတဲ့ကောင်မလေးအကြောင်း မင်းဘာသိလဲ"

သူ အင်တင်တင် ဖြစ်သွားသည်။ ဒါ သူ့ကိုယ်ရေးကိုယ်တာကိစ္စ ဖြစ်သည်လေ။ သူ ဘာမှပြန်မပြောဘဲ နားသာ ထောင်နေလိုက်သည်။

"သူတို့မြို့မှာ ရပ်ကျော်ရွာကျော်ကို နာမည်ပျက် ရှိဖူးတယ်တဲ့၊ အိမ်တစ်အိမ်မှာ ယောကျ်ားလေးတွေရော သူ့လိုဟာမမျိုးလေးတွေပါ အုပ်စုလိုက်ကြီး မတော်တရော် ဗီဒီယိုကား ကြည့်နေလို့ ရပ်ကွက်လူကြီးနဲ့ ရပ်ကွက်က ဝိုင်းဖမ်းပြီး ရဲစခန်း ပို့ဖူးတယ်တဲ့၊ ဘယ်လောက်ရှက်ဖို့ကောင်းလဲ၊ သူ့မြို့တောင် သူ မပြန်ရဲ





တာ အဲ့ဒါပဲတဲ့၊ မင်းကို သားချင်းလို ခင်မင်လို့ အန်တီစန်း သိသိချင်းလာပြောတာ၊ မင်းအလုပ် မင်းဂုဏ်သိက္ခာနဲ့ အဲ့ဒီဟာမ ဘယ်လိုမှဆက်စပ်လို့မရပါဘူးကွယ်"

"ဟုတ်ကဲ့. . . ကျွန်တော့်အပေါ် စေတနာနဲ့ လာသတိပေးတာ ကျေးဇူးတင်ပါတယ်၊ အလုပ်ရှိလို့ ခွင့်ပြုပါဦး အန်တီစန်း"

မာဆတ်ဆတ် ပြော၍ လှည့်ထွက်လာခဲ့သည်။

စိတ်ထဲကလည်း ဒီအဘွားကြီးကို ပျစ်ပျစ်နှစ်နှစ် ပြောဆိုလိုက်မိသည်။ ဟုတ်တယ်ပဲ ထားဦးတော့၊ ချစ်သူ၏မကောင်းသတင်းကို သူမကြီး ဒီလောက် ဝမ်းသာအားရ လာပြောပုံက နှလုံးနာစရာ ကောင်းလှသည်။

ပိုက်ဆံသာ အလျှံပယ်ရှိပြီး ပညာဂုဏ်၊ ရာထူးဂုဏ် လုံးဝမရှိသော သူမကြီး၏အသိုင်းအဝန်းထဲ သူ့ကို ဆွဲသွင်းရန် ရောမသတင်းထူးကြီး ရလာပုံမျိုးဖြစ်သည်။ ရုပ်ကိုက စုန်းမရုပ်ကြီး။

"ခင်ဗျားသမီး အလကားရတာတောင် ကျုပ် ဖီးလ်မလာဘူးမှတ်"

ဆိုဒ်ထဲအဝင် အင်ဖက်တစ်ခု ဒေါသနှင့် လွှဲကန်လိုက်သည်။

"ဖောင်း. . ."

"ဒုတ်"



www.burmeseclassic.com

www.burmeseclassic.com



"အား. . အ. ."

အုတ်ခဲကျိုးကို အင်ဖက်က အုပ်ထားခြင်း(သို့)အုပ်မိနေခြင်း။ ဖြစ်ချင်တော့ ဒီနေ့မှ Safty-Shoe က ဝတ်မလာမိ၊ အ. . အ. . အား၊ ထော့နင်းထော့နင်းနှင့် ဆိုဒ်ထဲ မနည်းဝင်ရသည်။





'လေး'

ပေါ့စေလိုလို့
ကြောင်ရုပ်ထိုးတာပါ
လေးလုံးရောင်ဂါရှင်
ထိုးသွားတဲ့စုတ်ဆိုတော့
ဟုတ်ပေ့ဖြစ်ကရော



www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၆)

“အဲ့ဒီညဥ့်က ခရစ်စမတ် အိပ်လေ၊ ငယ်သူငယ်ချင်း မောင်မောင်ထွေးအိမ်မှာ နှစ်တိုင်း အဲ့ဒီလိုညဥ့်မှာ တစ်ခုခု ချက်စား နေကျပဲ၊ အဲ့ဒီညဥ့်က ပဲထမင်းနဲ့ ဘာဘီကျူး အသားကင် စားကြ တယ်၊ ဘီယာသောက်ကြတယ်၊ သူငယ်ချင်းတွေအားလုံးပဲပေါ့၊

အဲ့ဒီပွဲအမီ ရန်ကုန်ကနေ တကူးတက ပြန်လာတဲ့ ထူးမာက D.H Lurance ရဲ့ဂန္ထဝင်ဝတ္ထုကို ရုပ်ရှင်ပြန်ရိုက်ထားတဲ့ “လေဒီ



www.burmeseclassic.com

www.burmeseclassic.com



ချပ်တာလေရဲ့ချစ်သူ" အခွေပါလာတယ်တဲ့၊

အားလုံးအရမ်းပျော်သွားတယ်၊ ကြည့်ချင်နေကြတာ ကြာပြီလေ၊ အော်ရီဂျင်နယ်ဝတ္ထုကို အားလုံးနီးပါး ဖတ်ပြီးပြီလေ၊ သူငယ်ချင်းအားလုံးက စာသမားတွေချည်း၊ ကဗျာသမားတွေချည်းပဲလေ၊ ရည်းစားအတွဲတောင် မပါဘူး၊ အရှင်း သူငယ်ချင်းတွေချည်းပဲ၊

အန်ကယ်လ် ဦးထွေးမောင်. . အဲ. . မောင်မောင်ထွေးတို့အဖေ အငြိမ်းစားတရားသူကြီးက သူ့ဇနီးနဲ့ ခရီးထွက်နေတယ်၊ အန်ကယ်နဲ့လမ်းမှူးက ငြိဖူးတယ်၊ အရမ်းဆိုးတဲ့ ဖိုးသမား လမ်းမှူးသားကို အလုပ်နဲ့ ထောင်တစ်နှစ် ချဖူးခဲ့တယ်၊ အဲ့ဒီအငြိုးနဲ့ တမင်လာ ရှောင်တခင် ဝင်ဖမ်းတာပါ၊

ပထမ ညှိစာရင်းစစ်မယ်ဆိုပြီး ဝင်လာတာ၊ မေတို့ ကြည့်နေတဲ့ကားက အချစ်ကားဆိုတော့ နည်းနည်းပါးပါး ပါတယ်ပေါ့၊ စာအုပ်ထွက်ခါစက အင်္ဂလန်သားတွေတောင် ညစ်ညမ်းတယ်လို့ ဝေဖန်ခံရတဲ့စာအုပ်ပဲ၊

အဲ့ဒီမှာ ဘာမသိညာမသိ အပြာကားဆိုပြီး ခေါင်းစဉ်ဖမ်းတပ်တော့တာပါပဲ၊ အားလုံးပဲ ပြီးအောင်ကြည့်မယ်၊ ပြီးမှ ရဲစခန်းအားလုံးလိုက်မယ်ပြောပြီး အပြီး သူနဲ့အတူထိုင်ကြည့်တာ၊ ပြီးမှ တစ်အုပ်လုံး ပျော်ပျော်ပါးပါးပဲ စခန်းလိုက်သွားကြတာပေါ့၊

စခန်းမှူးက အခွေဖွင့်ကြည့်တယ်၊ သူလည်း ကြည့်ချင်နေတဲ့





အခွေပဲတဲ့၊ သူလည်း စာအုပ်ဖတ်ပြီးသားတဲ့၊ ကြည့်ပြီးရင် သူ့ကို ခဏငှားပါတဲ့၊ အားလုံးပြန်လို့ရပါပြီတဲ့၊

အဖြစ်မှန်က အဲ့ဒါပဲ ကို၊ အန်ကယ်ပြန်လာတော့ ရပ်ကွက်ဥက္ကဋ္ဌက လာတောင်းပန်တယ်၊ စကားဆိုတာ ကားထွက်သွားလိုက်တာ အဲ့ဒီအန်တီစန်းနားထဲအထိ ရောက်သွားတာပါပဲ၊ ပြန်ပြောတဲ့လူက မေတို့ စုပေါင်းပျော်ပါးနေတယ်အထိများ ကားသွားမလားပဲ၊ ရယ်ရတယ်နော်. . . အဲ့ဒီလမ်းမှူး ပြဿနာ ထပ်လုပ်ရဲရင်လုပ်လေ၊ ထိုင်ကြည့်သူထဲ အဲ့ဒီလမ်းမှူးနဲ့အဖွဲ့လည်း ပါနေပြီပဲ၊ အဲ့ဒါပြောတာပေါ့ ကို၊ မေတို့ နေနေရတာ ပတ်ဝန်းကျင်အဟောင်းကြီးလို့"

ချစ်သူ၏ကော်ဖီခွက်ကို ဖွန်းနှင့်မွှေ၍ သူမရှေ့ တိုးပေးလိုက်သည်။

"ကိုယ်က မေ့ကို သက်မကင်းလို့ မေးတာမှတ်ဘူးနော်၊ အဲ့ဒီမိန်းမကြီးက သူ့သမီးနဲ့ကိုကို အတင်းများနေလို့ မေ့ကို ပြောပြတာ"

"မေ့ကိုတော့ ဒီမိန်းမ ဖြစ်တည်မှု အဓိကဝါဒီ ဟုတ်များ ဟုတ်နေမလားလို့ သောကတော့ နည်းနည်းများသွားတယ် မဟုတ်လား"

"အင်း. . . ဟုတ်တယ်"

"ဟင်း. . ဟင်း. . ကိုက မညာတတ်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလို့တော့ မရဘူး မေ၊ အီဒီယမ်မှာ White lie ဆိုတာ ရှိတယ်လေ၊ မြန်မာလို မုသားမပါ လက်မချောဆိုတာလည်း ရှိနေတာပဲ၊ ပိန်ပြီး ညစ်ထပ်ထပ်ဖြစ်နေတဲ့ မိတ်ဆွေဟောင်း တွေ့ရင် ဟာ. . လှလို့ဝလို့ပါလားလို့ နှုတ်ဆက်တတ်ရတယ်လေ၊ အဲ့ဒါ ဝှိုက်လိုင်းပေါ့"

"ဟင်း. . ဟင်း. . ဝှိုက်လိုင်းဆိုလို့ သတိရလာတာလေး တစ်ခု ပြောပြမယ်နော် ကို"

"ပြောပါ မေ"

"စန္ဒယားအကျော်အမော်ကြီး ဆာသောမတ်ဟာ အင်္ဂလိပ်ကြီးပေါ့နော့၊ ကျော်ဟိန်းက လူတိုင်းကို မသိနိုင်သလိုပေါ့၊ သူ့ ပရိသတ်အားလုံးကို သူ ဘယ်မှတ်မိမှာလဲ၊ ဒါပေမယ့် ဆရာကြီး ကျွန်တော့်ကို မှတ်မိလားလို့ ဆိုလာရင်တော့ ဝှိုက်လိုင်းပေါ့၊ အား. . သိပ်မှတ်မိတာပေါ့၊ မင်းအဖေရော နေကောင်းရဲ့လား၊ အခု သူ ဘာလုပ်နေလဲ၊ အဲ့သလို အိုယောင်ဝါး ပြန်မေးတယ်၊ တော်တော်လည်း အလုပ်ဖြစ်တယ်တဲ့. . . အဆင်ပြေတယ်ပေါ့၊

တစ်နေ့ မိန်းမချောလေးတစ်ယောက်က ဆရာကြီး ကျွန်မကို မှတ်မိလားတဲ့၊ ထုံးစံအတိုင်း. . အား. . သိပ်မှတ်မိတာပေါ့၊ မင်းအဖေ နေကောင်းရဲ့လား၊ သူ အခုဘာလုပ်နေလဲလို့ ရွှီးတာပေါ့၊ ကောင်မလေးက ဘာပြန်ပြောလဲ သိလား၊





ဖေဖေ့ကို နေကောင်းလားလို့ မေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဖေဖေ ဘာလုပ်နေသလဲဆိုတော့ အင်္ဂလန်ပြည့်ရှင် ဘုရင်မင်းမြတ်အလုပ်တွေပါပဲတဲ့"

နှစ်ဦးသား လှိုက်လှိုက်လှဲလှဲ ရယ်ဖြစ်ကြသည်။ မေလည်း ဟာသဉာဏ်ရှိသည်။

"မေနဲ့ကိုယ်က ပစ္စုပ္ပန်တည့်တည့်သမားတွေနော်၊ တစ်ယောက် နောက်ကြောင်း တစ်ယောက်မမေးဘဲ ပစ္စုပ္ပန်မှာပဲ နှစ်နှစ်ကာကာ ချစ်လာကြတာဆိုတော့ ကိုယ့်အနေနဲ့ အပြစ်ကြီးကြီးရှိရင် ကြိုတင်ဝန်ခံထားပေါ့၊ အဲ့ဒါ အပြစ်လျော့တယ်"

"ကြိုတင်ဝန်ခံထားရလောက်အောင် အပြစ်ဘာတွေရှိသလဲ စဉ်းစားလိုက်ဦးမယ်. . . နောက်မှ၊ ဩော်. . ဒါနဲ့ ပုဂံကနေ ဖုန်း တစ်ခါမှ မဆက်ဘူးနော်"

"မေ အရမ်းအလုပ်များနေလို့ပါ၊ ပင်လည်း ပင်ပန်းတယ်လေ၊ သတိအမြဲရနေတာကိုတော့ ကို ယုံပါ"

ချစ်သူအနီးတစ်ဝိုက်၌ ရာသီဥတု သာသာယာယာ ရှိနေခဲ့ပါသည်။ အချစ်ရပ်ဝန်းကို ဗဟိုပြုသည့် လေထုအားနည်း ဒေသတစ်ခု ဖြစ်ပေါ်နေသည်ကိုတော့ နှလုံးသားရေဒါက ဖမ်းမမိသေး။

၅. ၅. ၅. ၅.



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို. . . မတင်တင်မေဝင်းလား"

"ဟုတ်ပါတယ်ရှင်. . . ဘယ်သူပါလဲ!"

ဆက်နေသည်က P.C.O ဖုန်းနံပါတ်တစ်ခုဖြစ်နေသည်။

"ကျွန်တော် ဘယ်သူဆိုတာထက် ကျွန်တော် ပေးမယ့် သတင်းက ပိုအရေးကြီးပါတယ်"

"အင်းပါ. . . ပြောကြည့်ပါဦး"

"တစ်နေ့ပေါ့ဗျာ. . . ကျွန်တော်နဲ့ သူငယ်ချင်းသုံးယောက် ညဉ့်ပိုင်းက နည်းနည်းများသွားကြတယ်၊ ဖြေတဲ့အနေနဲ့ မနက်အစောကြီး ဆိုင်လေးတစ်ဆိုင်မှာ ဝိုင်းဖွဲ့ဖြစ်ကြတယ်၊ ဝိုင်းစစချင်းမှာပဲ ကျွန်တော်တို့ဘေးဝိုင်းကို Surf ကားနဲ့ လူသုံးယောက် လာဝင်ထိုင်တယ်၊ လူရည်သန့်တွေချည်းပါပဲ၊





သူတို့ ဘီယာနည်းနည်းဝင်သွားတော့ စကားနိုင်လုရင်း အလောင်းအစားပွဲတစ်ခု ဖြစ်လာပါတော့တယ်၊ အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့ သူတို့အလောင်းအစားကို ကျွန်တော်ပါ နားစွင့်စောင့်ကြည့်ချင်စိတ် ဝင်လာပြီး ကျွန်တော်တို့လေးယောက်ပါ နှစ်ပါတီ ကွဲသွားပြီး လိုက်လောင်းဖြစ်ကြပါတော့တယ်၊

အဲ့ဒီဆိုင်လေးနာမည်က ရွှေပွင့်ဖြူတဲ့၊ ရွှေတောင်ခေါက်ဆွဲ အလွန်ကောင်းတာပေါ့၊ အဲ. . . စိတ်ဝင်စားစရာ သိပ်ကောင်းတဲ့ သူတို့ ဘာကို လောင်းစားကြတာလဲဆိုတော့ကာ. . . . .

. . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . .

အဲ့ဒါပါပဲဗျာ. . .

ဒီပုဂ္ဂိုလ်လေးရဲ့ဥပမိရုပ်နဲ့ နဖူးရည်ဒူးရည်ကို အကဲခတ်ပြီး သူ့ဘက် လိုက်လောင်းတဲ့ ကျွန်တော်နဲ့ သူငယ်ချင်းတစ်ယောက် နိုင်ပါတယ်၊ ကျွန်တော်တို့ ပဟေဠိဖြစ်နေတာက ဒီလောက်လှပပြီး ထက်မြက်ပုံလည်းရ၊ အထက်တန်းလည်းကျတဲ့ ပညာတတ် မိန်းမလှတစ်ယောက်ကို အဲ့ဒီပုဂ္ဂိုလ်လေးက ဘယ်လိုစကား၊ ဘယ်လိုမာယာတွေနဲ့များ ဖြားယောင်းပြီး တစ်နာရီအတွင်း အဲ့ဒီစားပွဲကို အရောက်



www.burmeseclassic.com

www.burmeseclassic.com



ပါလာအောင် ဆောင်ကျဉ်းနိုင်ခဲ့သလဲဆိုတာပါပဲ၊

ကျွန်တော်တို့ ထင်ထားတာက ဥပမိရုပ် ကောင်းတယ်၊ ကားလည်း ပါတယ်ဆိုတာနဲ့ အဲ့ဒါမျိုးကို အချဉ်ဖမ်းချင်တဲ့ ဖလန်းဖလန်းကောင်မလေးတစ်ယောက်ယောက်တော့ သူ ဘယ်နည်းနဲ့မဆိုခွေလို့ရမှာပဲလို့ ထင်ခဲ့တာပေါ့၊ ဒါကြောင့် အဲ့ဒီပုဂ္ဂိုလ်လေးဘက်ကလောင်းခဲ့တာပါ၊

ခုခေတ်မှာက အဲ့ဒီလိုကောင်မလေးတွေက တစ်ပုံတစ်ပင်ကြီးလေ၊ မိဘက မတတ်နိုင်လို့ ဖြစ်တဲ့နည်းနဲ့ကျောင်းတက်နေတဲ့ကျောင်းသူတွေလည်း ရှိတာပဲမှတ်လား၊

ဒါမှမဟုတ်ရင်လည်း သူမိလာနိုင်တဲ့သားကောင်ဟာ ဖြူဖြူစင်စင် နုံနုံအအ ပြောသမျှ ယုံတတ်တဲ့ သိုးဖြူမလေးတစ်ကောင်ကောင် ဖြစ်ရမယ်လို့ ကျွန်တော်တွက်ဆထားမိခဲ့ပါတယ်. . . မှားသွားတယ်၊

ကျွန်တော့်အတွက်အချက်ပါ စင်အောင်ပဲ လွဲခဲ့ပါတယ်၊ ရေဆေးထားတဲ့ သံမဏိဓါးသွားလို ပြောင်လက်,ထက်ရှနေတဲ့မတင်တင်မေဝင်းဟာ သူ့ရဲ့သားကောင်ဖြစ်နေတာကို တအံ့တသြတွေ့လိုက်ရလို့ပါပဲ၊ ယာယီသားကောင်တောင် မဟုတ်ဘဲ သူ့ကျုံးထဲဝင်သွားတဲ့ အမြဲတမ်းသားကောင်ဖြစ်နေတာကို ပိုလို့ ယူကျုံးမရဖြစ်ရပါတယ်ဗျာ၊





ကျားစေဦးလဲကိုမှ သူတော်စင် ထင်နေတဲ့ မမေဝင်းကိုစေတနာနဲ့ သတင်းပေးတာပါ"

"နေပါဦး စေတနာရှင်ကြီး၊ ခဏလေး ဖြတ်မေးပါရစေ၊ ရှင့်စကားတွေ မှန်ကြောင်း ဘာနဲ့ သက်သေပြမလဲ၊ ရှင့်နာမည်ဘယ်သူလဲ၊ ဘာလို့ P.C.O က ဆက်တာလဲ၊ ရှင်ရိုးသားရင် ရှင့်ကိုဘယ်လိုဆက်သွယ်ရမလဲ Show yourself"

"ကောင်းပြီ. . . ဖုန်းခဏပိတ်လိုက်၊ ကျွန်တော့်နာမည်ဖေသန်းမောင်ပါ၊ ကျွန်တော့်ဟန်းဖုန်းနဲ့ ပြန်ခေါ်ပါ့မယ်"

ခဏအကြာ၌ ဖုန်းမြည်လာသည်။

ဖေသန်းမောင်ဆိုသူ၏ဖုန်းနံပါတ် ပေါ်လာ၏။

"ကျွန်တော့်ကိုယ်ကျွန်တော် သက်သေအရင်ပြလိုက်တာပါမတင်တင်မေဝင်း၊ Show myself ပေါ့၊ ဆက်ပြမယ့်သက်သေအဖြစ်အခုနေအချိန်မှာ တစ်နေရာစီ ရှိနေတဲ့ ကျွန်,ကျွန်တော့်သူငယ်ချင်းသုံးယောက်ရဲ့နာမည်နဲ့ ဖုန်းနံပါတ်တွေကို အခုပဲ ပေးပါ့မယ်၊

ကျွန်တော်ပေးပြီးပြီးချင်း သူတို့ဆီကို လှမ်းဆက်ကြည့်ပါ၊ အဲ့ဒီနေ့က မျက်မြင်ကိုယ်တွေ့အဖြစ်အပျက်ကို သူတို့ တစ်ထပ်တည်း ပြောမပြော စစ်ဆေးစုံစမ်းကြည့်ပါ၊ ခင်ဗျား ပညာတတ်ပါ"

နာမည်သုံးခုနှင့် ဖုန်းနံပါတ်သုံးမျိုး ပေးသည်။

ဖုန်းနှစ်မျိုးက ဟန်းဖုန်းဖြစ်ပြီး တစ်မျိုးက အိမ်သုံးကြိုးဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဟန်းဖုန်းတစ်ခုကို သူမ အရင်ဆက်ကြည့်သည်။

"ဟဲလို. . . နေရှင်း အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်ကပါ ခင်ဗျာ"

"ကိုမောင်မောင်နဲ့ စကားပြောချင်လို့ပါ"

"ဟုတ်ကဲ့. . . ပြောနေပါတယ်"

"ကျေးဇူးပြုပြီး လွန်ခဲ့တဲ့ သုံးလကျော် လေးလလောက်က ရွှေပွင့်ဖြူစားသောက်ဆိုင်မှာ ကြုံခဲ့တဲ့အဖြစ်အပျက်လေးတစ်ခုကို မှတ်မိမလားလို့ပါ"

"ဘာပါလိမ့်ဗျာ. . . ခဏခဏ သွားနေကျဆိုတော့"

"အစဖော်ပေးပါ့မယ်. . . ရှင်တို့ဘေးဝိုင်းက စိတ်ဝင်စားစရာ အလောင်းအစားတစ်ခု လုပ်တယ်လေ၊ တစ်နာရီအတွင်း ချောချောလှလှ တက္ကသိုလ်ကျောင်းသူတစ်ဦး ပါအောင် ဖန်ပြမယ်ဆိုတာလေ"

"ဟာ. . . သိပ်မှတ်မိတာပေါ့၊ ကျွန်တော်နဲ့သူငယ်ချင်း ဖေသန်းမောင် ငါးသောင်းစီ နိုင်တဲ့ပွဲပဲ၊ တကယ့်အမှတ်တရပဲ"

"အဲ့ဒီနေ့ကအကြောင်းလေးကို အဖြစ်မှန်အတိုင်း ကျေးဇူးပြုပြီး ပြောပြပါလားရှင်"

"နေပါဦး. . . ခင်ဗျားက ဘယ်သူလဲ၊ အဲ့ဒီနေ့က အဖြစ်အပျက်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ!"



"အဲ့ဒီနေ့က အနိုင်ရသွားတဲ့ပုဂ္ဂိုလ်လေးနဲ့ ပါလာတဲ့ အမျိုးသမီးက ကျွန်မကိုယ်တိုင်ပဲလေ"

"အမ်!. . . ဒါဆိုရင်တော့ ခင်ဗျားကောင်းကောင်းအလိမ်ခံလိုက်ရတာပဲ၊ ဒီလိုဗျ. . . အဖြစ်မှန်က. . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . .

အဲ့ဒါပါပဲ. . . အပိုတစ်လုံး အလိုတစ်လုံး မပါ,ပါဘူးဗျာ၊ ခင်ဗျားလို ခေတ်မီ ပညာတတ် အမျိုးသမီးလှလှကို အယုံသွင်းနိုင်တဲ့ အဲ့ဒီလူကို ကျွန်တော်တော့ ချီးကျူးတယ်"

"ဟုတ်ကဲ့ရှင့်. . . ကျေးဇူးအထူးတင်ပါတယ်"

နောက်ဟင်းဖုန်းပိုင်ရှင်က ကိုအေးသန်းဆိုသူဖြစ်သည်။ လျှပ်စစ်ပစ္စည်းရောင်းသူ။ သူကလည်း ထပ်တူဇာတ်လမ်းပင် ပြောပြသည်။

"အဲ့ဒီပုဂ္ဂိုလ်သုံးယောက်စလုံးကို ကျွန်တော်သိနေတယ်ခင်ဗျ၊ သူတို့ကတော့ ကျွန်တော့်ကို ရုတ်တရက် မှတ်မိပုံမရဘူး၊ သူတို့က ခရိုမီယမ် ဆောက်လုပ်ရေးက MD နဲ့ အင်ဂျင်နီယာတွေ၊ ကျွန်တော့်လျှပ်စစ်ပစ္စည်းဆိုင်ကို အာရှစ်ခေါ် လာတယ်၊ အာရှစ်က သူဌေးမကြီးတစ်ယောက်ရဲ့လူယုံဆိုပါတော့၊ သူဌေးမကြီး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ သူ့သမီးလည်း ပါတယ်၊ လျှပ်စစ်ပစ္စည်းနဲ့ Wall Lamp တွေ၊ ဖန်မီးဆိုင်းတွေ လာရွေးကြတာ၊ သိန်းနှစ်ဆယ်ဖိုး ရောင်းလိုက်ရတယ်၊ အာရှစ်ကို ကော်မရှင် ပေးရတဲ့အပြင် ညပိုင်းပြုစုရသေးတယ်၊ ဟုတ်တယ်. . . ညက များလို့ မနက်ပိုင်း ပြန်ဖြေတဲ့ ဘီယာဝိုင်း”

“ကျေးဇူးပြုပြီး အဲဒီသူဌေးမကြီးနာမည်လေးများ မသိဘူးလားရှင်”

“ခဏလေး. . . လက်ခံဘောက်ချာမှာ ပြန်ရှာပေးမယ်၊ ဟော. . . ဒီမှာတွေ့ပြီ၊ ဒေါ်စန်းစန်း လှိုင်ရိပ်မွန်အိမ်ရာတဲ့”

“ကျေးဇူးအထူးပါ ကိုအေးသန်းရှင့်”

“ကံကောင်းပါစေ. . . လူလိမ်လူညာရန်က ဝေးပါစေဗျာ”

နောက်ဆုံး ကြိုးဖုန်းနှင့် အာရှစ်ဆိုသူထံ ဆက်ရန် ကျန်တော့သည်။ သူမ သက်ပြင်းကြီး ချလိုက်၏။ ခေါင်းကို ဘယ်ပြန်ညာပြန် ခါယမ်းပစ်လိုက်မိ၏။ အာရှစ်ဟာ ဒေါ်စန်းစန်းရဲ့လူပဲ။ သူ့သခင်အကျိုးကိုသာ လိုလားသူပဲ။ နေဦး. . . ဖေသန်းမောင်ဆီ ပြန်ဆက်မယ်။

“ဟဲလို. . . ကိုဖေသန်းမောင်လားရှင်”

“ဟုတ်ပါတယ် မတင်တင်မေဝင်း၊ ဘယ်လိုလဲ. . . အဖြစ်မှန်ကို ယုံကြည်ပြီလား၊ ဘာသက်သေထပ်ပြရဦးမှာလဲခင်ဗျာ”





“ယုံကြည်ပါပြီရှင်. . . ဒီလို တကူးတက စေတနာနဲ့ သတိပေးတာကိုလည်း ကျေးဇူးအထူးတင်ပါတယ်၊ ကျွန်မအနေနဲ့ တစ်ခုပဲ ပြောစရာရှိပါတယ်၊

အဲ့ဒါက ကျွန်မဟာ ရှင်တို့ထင်နေသလို အဲ့ဒီပုဂ္ဂိုလ်လေးရဲ့ သားကောင် မဟုတ်ဘူးရှင့်၊ အဲ့ဒီပုဂ္ဂိုလ်လေးသာ ကျွန်မရှေ့မှောက်ရောက်ရောက်လာချင်း သားကောင်ဖြစ်သွားတာ၊ သူ့ကိုယ်သူတောင် သားကောင်မှန်း မသိရှာတဲ့ သားကောင်ဖြစ်နေခဲ့တာကဲ. . . သိပြီလား!”

“ဗျာ. .”

သူမ ဖေသန်းမောင်ကို ဖုန်းဖြတ်၍ နောက်တစ်ခု ထပ်နှိပ်သည်။ ဒေါ်စန်းစန်း၏လူယုံတော် အာရှစ်ဆိုသူထံသို့ဖြစ်သည်။

“ဒီမှာ အာရှစ်၊ ငါ တင်တင်မေဝင်း၊ မင်းသခင်မကြီးနဲ့ သခင်မလေးကို ဟောသလို သံတော်ဦး တင်လိုက်၊ ငါ့စကားလုံးတွေကို မင်း သေသေချာချာ နားထောင်”





www.burmeseclassic.com

ပေဖြစ်ရင်ခံ
တူဖြစ်ရင်နှံ့တဲ့..
ကိုယ်က တူဖြစ်လို့
နှံမယ်လည်းကြံရော
ပေက သံမှုန်တွေ ပြန့်ကျဲ
ကွဲနေပြီ
ဘယ်လိုလုပ် နှံမလဲ..
ရင်ခံတာ အဲ့ဒါတွေပဲ







# အခန်း(၇)

ဆယ်ရက်မြောက် ချစ်သူပျောက်နေ၍ သူ ခေါင်းမီးတောက်နေသည်။ တယ်လီဖုန်းက ဆက်သွယ်ရေးပြင်ပချည်းဖြစ်နေသည်။ အိမ်သွားတော့ ခြံတံခါး၌ သော့ခလောက်တန်းလန်း။ သူမ၏ ခရီးသွားအေဂျင်စီက ခွင့်ရက်ရှည် ယူထားသည်တဲ့။

တစ်နေ့ ကန်ပေါင်စားသောက်ဆိုင်၌ ဝေါင်၍သွားထိုင်နေစဉ် မေ့သူငယ်ချင်းများဖြစ်သော ရွှေပွင့်ဖြူသို့ ကားလိုက်ပို့သော

www.burmeseclassic.com



အေးသီတာနှင့်မာလာကို တွေ့သည်။ သူ ဝမ်းသာအားရ သတင်းမေးသောအခါ ယောက်ျားလျှာ(Tom Boy)ဆန်သော မာလာက. .

"တင်တင်မေဝင်းက တက္ကသိုလ်တုန်းက သူငယ်ချင်းပါ၊ သူက ပွင့်ပွင့်လင်းလင်း လွတ်လပ်ချင်သူဖြစ်ပါတယ်၊ ဒါပေမယ့် သူဟာ နက်နက်ရှိုင်းရှိုင်း လျှို့ဝှက်သူလည်းဖြစ်နေတာကို ကျွန်တော်တို့ အကဲခတ်မိခဲ့တာ ကြာပါပြီ၊ အဲ့ဒီရွှေပွင့်ဖြူကို ကားလိုက်ပို့တဲ့နေ့ဟာ သူနဲ့ကျွန်တော်တို့ နောက်ဆုံးတွေ့ခြင်းဖြစ်ပါတယ်" တဲ့။

အကြောပြတ်၍ လမ်းဆုံးနေပြီ။ သူတို့တည်းခိုခန်းကတ်ပေးသွားသည်။

"မိန်းမတွေ ဘယ်က မျက်စိလည်လာသလဲ၊ ထိုင်. . . အေးသီတာ. . မာလာ"

ဟူသော သူမ၏နှုတ်ဆက်စကားကို ပြန်ကြားမြင်ယောင်သည်။ ချိန်းဆိုထားခြင်း မဟုတ်မှန်း ထိုစဉ်ကတည်းက ရိပ်မိခဲ့သည်။ သူမ တစ်ယောက်ယောက်ကို လာစောင့်နေခဲ့ခြင်းလား။

မင်းသိဏ်းက. . .

"မင်း အတင်းကာရော နသားဗရားဖို့ ကြံစည်ခဲ့လို့များလား ငရဲ"

"ဘယ်ကလာကွာ. . . သူလည်း ခေတ်မီသူပဲ၊ ဒါပေမယ့် ငါက. . အဲ. . သူရောပေါ့ကွာ၊ ဒါကို တန်ဖိုးထားတယ်၊ ပျားရည်





ဆမ်းခရီးထွက်မှလို့ နှစ်ဦးပြောင်ပြောပြီး သဘောတူထားကြတာကွ"

ကိုကြီးရဲက. . .

"မင်း ယတြာအတုအကြောင်း ဖြောင့်ချက်ပေးမိသေးလား၊ မင်းလိမ်ထားတာ အဲ့ဒီတစ်ခုပဲ ရှိတာလေ"

"ဖြစ်နိုင်ချေကတော့ အဲ့ဒီကိစ္စပဲ ကိုကြီးရဲ၊ သူကလည်း ပြောဖူးတယ်၊ ဝန်ခံစရာရှိရင် ကြိုတင်ဝန်ခံတဲ့. . . အပြစ်လျော့တယ်တဲ့၊ သိပ်လည်း အရေးမကြီးဘူးထင်ပြီး ကြိုတင်ဝန်မခံခဲ့မိဘူး"

"ဟ. . . သူ့ဘက်က ကြည့်ရင် သိပ်အရေးကြီးတာပေါ့ကွ၊ နှယ်နှယ်ရရ မိန်းကလေးမှ မဟုတ်တာ၊ ပတ်ဝန်းကျင်က သိကုန်ရင် သူ ဘယ်လောက်ရှက်သွားမလဲ၊ မင်း သူ့နေရာက ဝင်ခံစားကြည့်"

"ဟုတ်တယ်. . . အဲ့ဒီအချက်ပဲ ဖြစ်ဖို့ သေချာတယ် ငရဲ"

တကယ်လည်း နာမည်ပြောင်နဲ့ လိုက်ဖက်စွာ ငရဲကျနေသော နေ့ရက်များပါ ချစ်သူရေ။

ၜ. ၜ. ၜ. ၜ.



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ့်လေးရက်မြောက် သူမ ပျောက်ဆုံးနေသောနေ့ ဖြစ်သည်။ ခရိုမီယမ်ရုံးချုပ် စာအဝင်ဌာနသို့ စာတစ်စောင် ရောက်လာသည်။ ဦးရဲကို နာမည်ရာထူးနှင့်ချိပ်ပိတ်စာဖြစ်သည်။ ပေးပို့သူနာမည်က တင်တင်မေဝင်းဖြစ်နေသမို့ ဦးရဲထင်ကျော်က SITE ထဲက ကိုရဲထံ အမြန်ဆုံး လာရန် ဖုန်းဆင့်လိုက်သည်။ သူ အမောတကော ရောက်လာပြီး ဖောက်ဖတ်လိုက်သောအခါ. . .

ချစ်လှစွာသောကိုရဲ. . .

သစ်စိမ်းချိုး,ချိုးသူရယ်လို့ ဖန်တစ်ရာတေ စကားလုံးနဲ့ နာမှန်းကြီးများ မှန်းနေမလားပဲ။ မေ့မှာ ရုတ်တရက် ခြေရာဖျောက်ရတဲ့ အကြောင်းရင်းတွေ အသေအချာ ရှိနေခဲ့ပါတယ်။ အဲ့ဒီ





အကြောင်းအရင်းတွေထဲက တစ်ခုကို မေ ပြောပြမယ်. .

ကိုရဲ မေ့ရှေ့ကို ရောက်လာပြီး ထုတ်ပြတဲ့စာရွက်ဟာ ယတြာအတုမှန်း မြင်မြင်ချင်း မေသိပါတယ်. . .

ကိုရဲ အဲ့ဒီယတြာစာရွက် သွားယူတဲ့ ဗေဒဝိဇ္ဇာ အောင်ထွန်းစန်း (BA) ရဲ့နာမည်ရင်းမှာ အောင်မပါဘူး၊ ထွန်းစန်းပဲ၊ သူနဲ့မေဟာ အရှေ့တိုင်းဘာသာ အတူတက်ခဲ့တဲ့ သူငယ်ချင်းတွေပါ၊

သူဟာ ယတြာကို သူ့လက်ရေးနဲ့ပဲ တိတိကျကျ ရေးပေးလေ့ရှိတယ်၊ စာရွက်ပေါ်မှာ ကိုရဲလက်ရေးကြီး၊ ယတြာက ဘာကက်ကင်းမှလည်း မမိဘူး၊ F.M တစ်ခုက လာတဲ့ ဟာသ ယတြာမျိုး ဖြစ်နေတယ်၊ ဒါပေမယ့် မေ ကိုရဲ ခေါ်ရာကို လိုက်ခဲ့ပါတယ်၊ တကယ်တော့ ကိုရဲနဲ့ ချစ်သူဖြစ်ဖို့ မေကိုယ်တိုင်ပဲ လိုလိုလားလား တိုးဝင်ခဲ့တာပါ။ ရှင်းအောင်ပြောပြမယ်နော်. . . ကိုရဲက ယတြာအတုချေခဲ့တာ၊ မေက အစစ်ချေခဲ့တာ၊ လက္ခဏာအကျော်အမော် ဆရာဒေဝ (ဦးအောင်ကျော်သင်း)က ချစ်ဦးသူနဲ့ လွဲမယ့်လက္ခဏာပဲတဲ့၊ သူဟောခဲ့သမျှ မေ့အတွက် တောက်လျှောက်မှန်လာတာလေ၊ နေ့ရက်ပါ မလွဲဘူး၊ အဲ့ဒီနေ့က မေ့ချစ်ဦးသူကို မေ ထိုင်စောင့်နေခဲ့တာပါ။ သူ ချစ်ခွင့်ပန်မယ့်နေ့ပါပဲ၊ မေလည်း အဖြေပေးမယ်လို့ ထိုင်စောင့်နေခဲ့တာပါ၊ အေးသီတာနဲ့မာလာ ရောက်လာပြီး ဖုန်းဝင်လာလို့ မေ ဖုန်းထွက်ပြောတာ မှတ်မိဦးမှာပေါ့၊ အဲ့ဒါ သူ့ဆီက လာတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



သူ့အဒေါ် ရုတ်တရက် အူအတက်ပေါက်လို့ သူ ဒီနေ့ မလာနိုင်ကြောင်း လှမ်းဆက်တာပါ။ သူက ဂျပန်စာဌာနက အင်မတန် တော်တဲ့ ကျူတာတစ်ယောက်ပါ၊ မေ့အပေါ် အင်မတန် ကောင်းသူပါ၊ လေးစားရာက သဒ္ဓါလွန်ခဲ့ရတာပါ၊ တကယ်တော့ မကျွံပါဘူး၊ ချစ်ဦးသူနဲ့ လွဲမယ်၊ ဒုတိယတစ်ယောက်နဲ့မှ ဖူးစာပါမယ်တဲ့၊ သူက ချစ်သူမဖြစ်သေးဘူးလေ၊ ဒါကြောင့် ကိုရဲကို မေ့ရဲ့ချစ်ဦးသူအဖြစ် ယတြာချေဖို့ မေဆုံးဖြတ်လိုက်ရတာပါ၊ အဲ့ဒါမှ မေ့ရဲ့ တစ်ကယ့် ချစ်ဦးသူနဲ့ မလွဲရမှာလေ၊ ယတြာအတုဆရာကြီး. . . ရှင်းရဲ့လားရှင့်။

သူက တစ်လမှာ ငါးရက် ဂျပန်ကျိုတိုတက္ကသိုလ်မှာ မြန်မာစာ ပြရတဲ့ Part Time ကျူတာလည်း ဖြစ်သွားတယ်လေ၊ အသွားအပြန် နေစရိတ် စားစရိတ် ဟိုတက္ကသိုလ်က တာဝန်ယူတယ်၊ ကိုရဲနဲ့ တွေ့ပြီး ရက်ပိုင်းမှာပဲ သူဂျပန်ကိုထွက်သွားခဲ့ရတာပေ့ါ၊

အခု ကိုရဲ ဒီစာဖတ်နေချိန်မှာ မေဟာ ဂျပန် ရောက်နေလောက်ပါပြီ၊ အလည်အပတ်သဘောပါ၊ သူ့ကို အဖြေလည်း မပေးသေးပါဘူး၊ စည်းကမ်းသိပ်ရှိတဲ့ သူကလည်း မေ့ကို အပျိုစင်အတိုင်း စောင့်ရှောက်ထားပါလိမ့်မယ်၊ ယတြာချေသူချင်း ကိုရဲ နားလည်ပေးနိုင်မယ်လို့ ထင်ပါတယ်၊ ကိုရဲကို ရုတ်တရက် ခွဲလိုက်ရတဲ့ အဓိကအကြောင်းတစ်ခုလည်း ရှိသေးတယ်၊ အဲ့ဒါကတော့ ယတြာ





ချေတာ မဟုတ်ဘူး၊ တစ်ဘဝစာ နာကျင်ခဲ့ရတဲ့ ကလဲ့စားတစ်ခုကို ပြန်ချေတာ. . . ကလဲ့စားချေတာ၊ ပြန်လာရင် အဆင်သင့်ရင် အဲ့ဒီအကြောင်းလည်း ကိုရဲကို မေ အသိပေးမှာပါ။ အသိလည်း ပေးသင့်တယ်၊ ကိုရဲဟာ မေ့ရဲ့အချစ်ဦးပါ၊ အနမ်းဦးပါ၊

ရှုးသွပ်စွာပဲ ချစ်ခဲ့ပါကြောင်း. . .

ယတြာအစစ်ချေတဲ့

အချစ်ဦး. . မေ

(တင်တင်မေဝင်း)

ညှော့ခန်းဆိုဖာနောက်မှီပေါ် ပြုတ်ခနဲ မြည်အောင်ပင် သူ့နောက်စေ့ ပြုတ်ကျသွားခဲ့သည်။

၅. ၅. ၅. ၅.



www.burmeseclassic.com

www.burmeseclassic.com



“တစ်ကိုရဲ့ . . ကျွန်တော် တစ်ပတ်လောက် အသည်းကွဲချင်တယ်၊ မိုးလင်းမိုးချုပ် သောက်ပစ်လိုက်ချင်တယ်၊ ကျွန်တော့်အလုပ်တွေ မင်းသိဏ်းနဲ့ တစ်ပတ်လွှဲချင်တယ်”

“သောက်ကွာ. . အေး. . စွဲတော့ မစွဲစေနဲ့၊ မင်းအလုပ်တွေ ငါပဲ လုပ်ထားပေးမယ်၊ မော်လီမောင့် အိမ်တက်ပွဲကတော့ မင်း မနွှဲလို့မရဘူးနော်”





www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၈)

ကြာသို့ဖြင့် ချစ်သူနှင့် ကွဲပြီး (၄၅)ရက်မြောက်နေ့၌ သူ တော်တော်ပဲ ကွဲနေခဲ့လေသည်။ မနက်ပိုင်း အိမ်တက်ဆွမ်းကျွေး သည်။ ဘုရားအနေကဇာ တင်သည်။ သူ ရွှေပွင့်ဖြူတွင် မှောက်နေ၍ မရောက်ဖြစ်။ ညနေခင်း မင်းသိဏ်းရောက်လာသည်။

သူ ထပ်သောက်ရန် တာစူနေချိန်ဖြစ်သည်။

"ဟော့ကောင်. . . ခရိုမီယမ်ဖိုင်နယ်ဘီလ်ကို မော်ဂီမောင်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ မင်းရှင်းရမှာလေ၊ ကိုကြီးရဲလည်း မော်လီမောင်ရဲ့ညပိုင်းဧည့်ခံပွဲ ရောက်နေလောက်ပြီ၊ အကောင်းစားတွေ ဟိုကျမှသောက်၊

လာ. . . ရုံးမှာ ရေမိုးပြန်ချိုးမယ်၊ မင်းအဝတ်အစားတွေ ငါ ရုံးမှာ အသင့်ယူထားတယ်၊ ငါကြိုပြောထားမယ်နော်၊ ဒါ အတွင်း စကား၊ ဒေါ်စန်းစန်းက မင်း သူ့သမီး မော်လီမောင်ကို ယူရင် အဲ့ဒီ အိမ်ရယ်၊ ဆိုက်ကနပ်ကားရယ်၊ ဘဏ်မှာ မင်းအကောင့်ထဲ ထည့် မယ့် ငွေသား သိန်းသုံးထောင် ချက်လက်မှတ်ရယ် ကိုင်ပြီး မင်းကို ဒီည ဧည့်ခံပွဲက စောင့်နေလိမ့်မယ်၊

ကိုကြီးရဲကတော့ မင်းရဲ့မေလည်း မရှိတော့မယ်အတူတူ မင်းယူသင့်တယ်တဲ့၊ ခရိုမီယမ်မှာ မင်းရှယ်ယာဝင်သင့်တယ်တဲ့"

နည်းနည်းနောနောနေ အင်အား မဟုတ်။ သူ တစ်သက် လုံး လုပ်တာတောင် မရနိုင်သော ပမာဏဖြစ်နေသည်။

"မင်းသဘောထားကကော မင်းသိဏ်း"

"ငါဆို စဉ်းစားမနေဘူး ခြေစုံပစ်ယူတယ်၊ ကောင်မလေးက မင်းကိုပဲ အသေခိုက်နေတာမို့ကွ၊ အနေအထိုင်က ကိုယ့်လက်ထဲကျ ကိုယ်ပြင်ယူပေ့ါကွ၊ လှလည်းလှ မိုက်လည်းမိုက်တဲ့ဟာလေးပဲ၊ ငါ့ အထင် အပျိုရိုင်းလေးပါ"

အပျိုစင်စစ်ကလေးပါဟု ဆိုလိုခြင်းဖြစ်ပေမည်။ သူ့စိတ်ထဲ က မေရှိနေခဲ့လို့သာ မော်လီမောင်ကို အတင်းဆန့်ကျင်နေခဲ့မိသ





လားဟု မူးကြောင်ကြောင်နှင့် ပြန်တွေးလာမိသည်။

"အေး. . . ငါ ဆုံးတော့မဆုံးဖြတ်သေးဘူး မင်းသိဏ်း၊ ရေလိုက်ချိုးမယ်၊ အဝတ်အစားလဲမယ်၊ အဲ့ဒီပွဲကို မဖြစ်မနေ ငါတက် မယ်"

"အခွင့်အရေးဆိုတာ ရတုန်း ယူတတ်ရတယ် သူငယ်ချင်း၊ လာ. . . ငါတွဲမယ်"

"အေးဆေးပါကွာ. . ငါအမူးပြေနေပါပြီ"

ဤသို့ဖြင့်. . .

၄ ၄ ၄ ၄



www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲရှိ မြက်ခင်းပြင်မှာပင် အိမ်တက်ပွဲပါတီ လုပ်နေသည်။ သစ်ပင်တိုင်းကို မီးရောင်စုံ ထွန်းပတ်ထားသည်။ စိန့်ပွဲစား ကျောက်ပွဲစားများနှင့် ခင်မင်ရာ ခင်မင်ကြောင်း လူငါးဆယ်ကျော်ကျော် လောက်သာ ရှိသည်။

အကောင်းစားအရက်များ ကောင်တာစားပွဲပေါ်တွင် တန်းစီနေသည့် ကြက်မြီးပါတီ၊ ကြိုက်ရာယူစားနိုင်သော ဘူဖေးစားပွဲရှည်နှင့် အိမ်သစ်ကို ရောင်စုံမီးဆလိုက်များ လှပစွာ ထိုးထားသည်။ စီလင်းဒီယွန်၏သီချင်းသံက ငြိမ့်ညောင်းစွာ ပျံ့လွင့်နေသည်။

သူနှင့်မင်းသိင်္ဂီး ခြံရှေ့ ကားရပ်၍ လမ်းလျှောက်ဝင်လာကြသည်။ မျက်လုံးနှင့်မျက်နှာ နီတွတ်တွတ်ဖြစ်နေသည်ကလွဲ၍ မီးခိုးပြာ ဥရောပဝတ်စုံထဲ သူ့ပုံစံက ချပ်ချပ်ရပ်ရပ် ရှိနေသည်။





"ဟယ်. . . ကိုကို. ."

နက်မှောင်ပြောင်လက်နေသော ပခုံးကြီးသိုင်းဂါဝန်ရှည်နှင့် လက်အိတ်အရှည်အဖြူကို ဝတ်ဆင်ထားသည်။ လည်ပင်းဟိုက်များလွန်းသော ရင်ညွန့်အထက်တွင် လက်လက်ထနေသော စိန်ဘယက်က အရောင်တွေ ကန့်ထွက်နေသည်။ ဆံပင်တွေကို နဖူးပြောင်အောင် သိမ်း၍ ရှင်းနေအောင် နောက်တွဲဆံထုံး ထုံးပြီး စိန်ဆံထိုး စိုက်ထားသည်။ မဟာဆန်အောင် ပြုပြင်ခြယ်မှုန်းထားသည်။ အလွန်လည်း လှပါသည်။ အပြေးလာနေသည်။ ရင်ခွင်ထဲ ပြေးဝင်ဖက်တွယ်လိုက်ရင်တော့ ခက်နေပြီ။

သူတို့နှစ်ယောက်က အိမ်အဝင် ကွန်ကရစ်လမ်းပေါ်တွင် ရပ်နေခြင်းဖြစ်သည်။ မော်လီမောင်သည် မြက်ခင်းကို ဒေါက်ဖိနပ် (ခဲတံလုံး)နှင့် ဖြတ်ပြေးလာပြီး ကွန်ကရစ်လမ်းဘေးရှိ ပလက်ဖောင်းကျောက်ပြားပေါ် အတက် တစ်ဖက်ကလည်း ဟိုတယ်ဝန်ထမ်းက ခရုခေါက်ဆွဲလင်ပန်းနှင့် ကွေ့အဝင်. . .

ဖိနပ်ဒေါက်သည် ပလက်ဖောင်း ကျောက်ပြားနှစ်ချပ်ကြားသို့ တည့်တည့်မတ်မတ် ဝင်သွားပုံရသည်။ သပ်ရိုက်သလို ညှပ်၍ သူမ ဟပ်ထိုးလဲအကျ ကားခနဲ ဖြစ်သွားသောလက်က ခေါက်ဆွဲပန်းကို ဖြန်းခနဲ ရိုက်ချလိုက်သည်။

သူမက မျက်နှာနှင့် အကျမခံဘဲ ခန္ဓာကိုယ်ကို ထွေးပတ်



www.burmeseclassic.com

www.burmeseclassic.com



လှည့်လိုက်သဖြင့် အင့်ခနဲ ကျောနှင့်အကျ မြောက်တက်သွားသော ခေါက်ဆွဲတွေနှင့်ပန်းက ဂလွမ်းခနဲ သူမမျက်နှာနှင့်ရင်ဘတ်ပေါ် ပြုတ်ကျကုန်တော့သည်။

"ဂွမ်း. . ဂလွမ်း"

"အား!. . ပူတယ်. . ပူတယ်. . အား!"

ကြောင်အမ်းကြည့်နေရာမှ သတိဝင်လာပြီး သူမကို ဒူးပေါ် ပွေ့တင်၍ ခေါက်ဆွဲဖတ်များ အတင်းဆွဲဖယ်ရသည်။ သူ့လက်ပင် အပူလောင်သွားသည်။ မင်းသိဏ်းက ရေခဲရေပုလင်း ပြေးယူ၍ သူမမျက်နှာနှင့်ရင်ဘတ်ပေါ် အရမ်းကာရော လောင်းချသည်။

"အဟီး. . အဟင့်. . အဟင့်"

ဝိုင်းအုံ၍ အသံမျိုးစုံထွက်လာနေသော လူအုပ်ကြားမှာ သူ လုပ်သင့်တာ တစ်ခုပဲ ရှိတော့သည်။

ဇွေ့ခနဲ ကောက်ပွေ့၍ အိမ်တံခါးမဆီ ချီတက်ခြင်းသာပါ။ သူမက ကြုံကြုံပါအောင်ငိုရင်း သူ့လည်ပင်းကို အတင်းဖက်ထားသည်။ နာတာရော၊ ပူတာရော၊ ရှက်တာရော၊ ရောစွက်နေပါလိမ့်မည်။ ခပ်အိအိ ခန္ဓာကိုယ်လေး တသိမ့်သိမ့် တုန်နေကြောင်း ထိသိခံစားရသည်။

အပေါ်ထပ် သူမအိပ်ခန်းထဲ ဝင်ခဲ့သည်။ တံခါးပြန်မပိတ်ဘဲ ရေချိုးခန်းထဲ တန်းဝင်၍ ကြွေဇလုံကြီးထဲ အသာအယာ ချပေး





သည်။

"မော်လီ. . . လက်ဖြုတ်လေ၊ မင်း ရေအေးစိမ်မှပေါ့"

"ရှက်တယ်. . . မဖြုတ်ဘူး၊ ဒီလိုပဲ ဖက်ထားမယ်၊ ရေဖွင့်ပေး"

"ဖယ်ပါ. . . ကိုယ်ရေစိုလို့မဖြစ်ဘူး၊ ဖျားချင်နေတယ်. . . ဖယ်စမ်းကွာ"

ခပ်ငေါက်ငေါက် ပြော၍ လက်ကို အတင်းဖြုတ်ရသည်။ ရေအေး ပုံ့ဘိုင်ခေါင်း ဖွင့်ပေးပြီး သူအပြင်ထွက်သည်။ ရေချိုးခန်း တံခါးပိတ်ပေးခဲ့သည်။

"ဂျိတ်. ."

"ခိုခို. . ခိုခို"

သူမအသံ နောက်မှာ ကျန်ခဲ့သည်။ ကြည့်စမ်း. . . ငါ အသေအချာ ဖွင့်ထားခဲ့တဲ့အိပ်ခန်းတံခါး ဘယ်သူလာပိတ်သွားပါလိမ့်။

ꩤ ꩤ ꩤ ꩤ



www.burmeseclassic.com

www.burmeseclassic.com



ဘရက်တောင့်တစိတ်က ငယ်ထိပ်ထိ တက်လာ၏။

နက်ကတိုင်ပြေပြေ ပေပေရေရေနှင့်ပင် သူ မြက်ခင်းပြင် ဘားကောင်တာသို့ လျှောက်လာသည်။ အားလုံး သူ့ကို ဝိုင်းကြည့်နေသည်။ သူ ဘာကိုမှ ဂရုစိုက်မနေတော့။ ဖန်ခွက်ထဲ ရေခဲတုံး သုံးလေးတုံးကို လက်နှင့်ပင် နှိုက်၍ပစ်ထည့်လိုက်သည်။

ချီးဗက် လောင်းထည့်သည်။ တရှိန်ထိုး မော့ချလိုက်သည်။ နောက်တစ်ခွက် ထပ်မော့သည်။ ပူခနဲ ဆင်းသွားပြီး သူသည် ပုံမှန်အနေအထားသို့ ပြန်ရောက်လာသည်။ စောကာလစ် ရောက်လာသည်။ ရီတီတီလေးပေါ့။

"အစ်ကို. . . Juice တစ်ခုခု သောက်လိုက်ဦး အစ်ကို. . . ရော့"





"လိုင်ချီးဖြစ်မယ်ထင်တယ်. . . ပေးကွာ"

အေးခနဲ ဆင်းသွားပြန်သည်။ သူ့ဘေးသို့ နွေးနွေး ရောက်လာသည်။

"ကိုရဲ. . ရော့. . အမြည်းစားဦး၊ ကြက်ဆင်သားပေါင်း၊ အရမ်းကောင်းတယ်"

ဗိုက်လည်း ဆာနေသဖြင့် သီးစုံကြော်နှင့် ကြက်ဆင်သားပေါင်းကို အူဟောင်းလောင်း ပြည့်ခမန်း သွပ်လိုက်သည်။ ကိုကြီးရဲ ကော့တေးဖန်ခွက် ကိုင်ရင်း ရောက်လာသည်။

"ညီလေး. . ရေသွားချိုး၊ အစ်ကို့ကားထဲမှာ ရှပ်အင်္ကျီနှစ်ထည် ရှိတယ်. . . အသစ်တွေ၊ မင်းကြိုက်တာယူဝတ်၊ ဒါ မင်းပွဲဆိုတာ သတိရ၊ မူးအောင်လည်း မသောက်နဲ့"

"ကုတ်အင်္ကျီ သိပ်မပေဘူး၊ ချွတ်. . ကိုရဲ၊ နွေးနွေး အခြောက် လျှော်ပေးမယ်၊ ရေချိုးပြီးရင် အဆင်သင့်ဖြစ်နေရမယ်"

ကော့တေးတစ်ခွက် ထည့်၍ အောက်ထပ်ရှိ ရေချိုးခန်းထဲ သူဝင်ခဲ့သည်။ သူ အင်္ကျီဘောင်းဘီချွတ်နေစဉ် ရေချိုးခန်းတံခါး လာခေါက်သည်။ ဟ,ကြည့်လိုက်တော့ မင်းသိင်္ဂျားဖြစ်နေသည်။

"ဘာလဲ ဟေ့ကောင်"

"မင်းနဲ့မော်လီကို အိပ်ခန်းတံခါး ပိတ်ပေးတာ မင့်ယောက္ခမ ဒေါ်စန်းစန်းကိုယ်တိုင်ကွ၊ ငါ့မျက်စေ့နဲ့ကို မြင်တာ ဖွေးကောင်၊



www.burmeseclassic.com

www.burmeseclassic.com



တစ်လက်မမှ နောက်ဆုတ်ပေးမနေနဲ့တော့၊ ချောလဲနေပြီပဲ. . . ရောထိုင်လိုက်တော့"

"မင့်ဂျိုးဒေါ်"

"ဂျိတ်. ."

ရေချိုးဇလုံထဲ ရေနွေးစိမ်ရင်း ကော့တေးကို မျှင်း၍သောက်သည်။ အိအိထွေးထွေးအတွေ့ကတော့ မွေ့လောက်စရာပါပဲဟု တွေးနေမိသည်။ ချက်လက်မှတ်တစ်စောင်သည်၊ ဤရေချိုးဇလုံသည်၊ ဤရေချိုးခန်းသည်၊ ဤအိမ်ကြီးနှင့်ဤခြံသည်၊ ဤခြံထဲ ရပ်ထားသော ဆိုက်ကနပ်ကားကြီးသည်၊ အပေါ် ထပ် ရေချိုးဇလုံထဲက ဆပ်စလူး နံ့သာတုံးလေးသည် ခေါင်းတစ်ချက်ညိတ်ရုံနဲ့ ငါ့ဟာတွေ ချည်းပါလားဟူသော လူဆန်သည့်အတွေးတွေ ကော့တေးနှင့်အတူ ထွေးသီ ယစ်မူးလာနေ၏။

ကုမ္ပဏီမှာ သိန်းနှစ်ထောင် ရှယ်ယာထည့်ထားရင် တစ်နှစ် အသားတင် အကျိုးအမြတ်ကိုလည်း စိတ်နှင့် တွက်နေမိ၏။ မေမေ့ကို ဗင်တစ်စီး ဝယ်ပေးပြီး သူ့ခမ္မမိတ်ဆွေတွေနဲ့ မြန်မာပြည် တစ်ပတ် ယူနန်ထိ၊ ဗုဒ္ဓဂါယာထိ ဘုရားဖူးလိုက်ပို့ရရင်. . .

ရေချိုးခြင်းကိစ္စကို လက်စသတ်သည်။ ကော့တေးဖန်ခွက်ကိုလည်း သတ်လိုက်သည်။ နွေးနွေး အသင့်ထားသွားပုံရသော ရှပ်အင်္ကျီနှင့်ကုတ်အင်္ကျီကို ကောက်လဲပြီး အောက်ထပ်အိပ်ခန်းတံခါး





အဖွင့်. . .

"ဟင်!. . . မင်းဒီမှာဘာလုပ်နေတာလဲ မော်လီ"

"ကိုကို့ကို စောင့်နေတာလေ၊ မော်လီတစ်ယောက်တည်း ရှက်လို့ မထွက်ရဲဘူး"

ဖြူလွနေသော ပိုးတွန့်ဂါဝန်ရှည်နှင့် လက်အိတ်အနက်နှင့် တစ်မျိုးလှနေပြန်သည်။ မွေးကြိုင်သင်းပျံ့ ကိုယ်သင်းနံ့အတူတွေ ဝိုင်းရံလို့။

ဩော်. . . မေ့ကိုယ်သင်းနံ့အစစ်ကို ဖျစ်ခနဲ သတိရလိုက်မိသေး။ မေရယ်. . .။

"ခြေသပ္ပတ်တိုင် နည်းနည်းနာသွားတယ်၊ တွဲမယ်နော် ကိုကို"

အိမ်ရှေ့တံခါးမှ လက်မောင်းချိတ်လျက်သား ဖွင့်ဆင်းလိုက်သည်။ ဘယ်သူက စ,တီးလိုက်မှန်းမသိ။ လက်ခုပ်သံ တစ်ချက်နှစ်ချက်မှသည် ဝေါခနဲ လက်ခုပ်သံကြီး လျှံထွက်လာသည်။

ဟ. . . ဘာအခမ်းအနားပွဲ ပါယ်လဲဟ။

သူ ကြောင်အအ ရပ်နေစဉ် မော်လီက အတင်းပင် မြက်ခင်းပြင်ဆီ ဆွဲချလာ၏။ ယက်ကန်ယက်ကန်နှင့် သူ ပါလာရတော့သည်။

ဝန်ထမ်းဗျတ်ပန်းထဲက ဝိုင်ချိုနှစ်ခွက်ကို မော်လီယူ၍ သူ့



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ခွက်ပေးသည်။ သူသောက်မည်အပြုံ့ မော်လီက လက်မောင်းချင်း ချိတ်ယှက်၍. . .

"အဲ့ဒီလို သောက်ရအောင် ကိုကို"

"သဘောကွာ"

လက်ခုပ်သံတွေ ဆူညံသွားပြန်သည်။ ဒေါ်စန်းစန်း လက်ခုပ်သံက အကျယ်ဆုံး ဖြစ်မည်ထင်သည်။ နားရွက်တက်ချိတ်တော့မည့်အပြုံးကိုလည်း ပြုံးထားသေး။

ထိုစဉ်မှာပင် လက်ခနဲ ထိုးဝင်လာသော ကားမီးနှစ်လုံး။ ကွန်ကရစ်လမ်းအတိုင်း အရှိန်နှင့် မောင်းဝင်လာနေသော စူဇူကီး ဝက်ဂွန် R+ ကားလေး။

"ဝူး"

၅. ၅. ၅. ၅.





လူယုံတော်အာရှစ်က ဟေးခနဲ အော်၍ ပိတ်ရပ် ထွက်တားရင်း လက်ကားရင်း. . .

"ကားတွေ အပြင်မှာ ရပ်ရမယ်လေ"

"ကျွိ. ."

အာရှစ်နှင့် နှစ်လက်မအလိုတွင် တီခနဲ ရပ်သွား၏။

"ကလစ်. ."

ကားပေါ်က ဆင်းလာသူက နီရဲနေသော သွေးရောင်အဝတ်အစားနှင့် အားလုံးကို ထီမထင်သည့် အမူအရာ မျက်နှာပေးမာမာနှင့် ကျော့ကျော့ရှင်းရှင်း တင်တင်မေဝင်း။

ဒေါ်စန်းစန်းပါးစပ်အဟောင်းသားနှင့် ချက်ချင်းပင် မျက်လုံးသွေးဆုတ်သွားသည်။ သို့သော် လူပုံအလယ်မို့ စိန်ပွဲစား ကျော်ကျောက်



www.burmeseclassic.com

www.burmeseclassic.com



ပွဲစားပိပိ မျက်နှာကို ချက်ချင်းပင် အပြုံးရိပ် ချိတ်ဆွဲရင်း. . .

"ဟယ်. . . ရုပ်ဆွေရုပ်မျိုး ငါ့တူမကြီး လာသကိုး၊ ဝမ်းသာလိုက်တာကွယ်. . လာ. . လာ၊ အိမ်ထဲက ညှော်ခန်းမှာ အန့်တီစန်းစိတ်ကြိုက်ပြုစုပါရစေကွယ်"

ဝမ်းသာအယ်လဲဟန်အပြည့်နှင့် လက်မောင်းလာတွဲသည်။ မေက ခပ်တည်တည်မျက်နှာထားနှင့်ပင် ဝေ့ကြည့်၍. . .

"ဦးရဲထင်ကျော်၊ ဦးမင်းသိင်္ဂ၊ နွေးနွေး၊ ကိုရဲကိုနဲ့ မော်လီမောင်. . . ကျေးဇူးပြုပြီး အိမ်ကြီးရှင်ကိုယ်စား ညှော်ခန်းထဲကို ကျွန်မက ဖိတ်ကြားပါတယ်၊ အာရှစ်. . မင်းပါ လိုက်ခဲ့. . လာ၊

ကျန်တဲ့ မင်းပရိသတ်ကို တောင်းပန်ပါတယ်၊ ခဏလေးပါရှင်"

ညှော်ခန်းထဲ သူမနှင့်ဒေါ်စန်းစန်းက ဦးဆောင်ဝင်သွားသည်။ နောက်က သူမဖိတ်ကြားထားသူများ အလျှိုအလျှို ဝင်လာမှ သူမ ထိုင်သည်။ ဒေါ်စန်းစန်း ကတုန်ကယင် ဖြစ်နေသည်မှာ သိသာလှ၏။ တင်တင်မေဝင်းဘေးတွင် ခပ်ကြုံ့ကြုံ့လေး ထိုင်နေသည်။ သူမက ပုံမှန်လေသံနှင့်. . .

"အားလုံး မင်္ဂလာယူနေချိန်မှာ မာရ်နတ်မင်းရဲ့သမီးတော် ရောက်လာတယ်လို့ ပြောလို့ရပါတယ်၊ အပြင်မှာ အခြားညှော်သည်တွေ ရှိနေလို့ ဒေါ်စန်းနဲ့မော်လီရဲ့ဂုဏ်သိက္ခာကို ငဲ့ပြီး အထဲကို ခေါ်ခဲ့





တာပါ၊ အာရှစ်. . . မင်းသခင်မကြီးနဲ့သခင်မလေးကို ငါပြောခိုင်းတာ မပြောဘူးလား"

"ပြော. . ပြောမလို့ပါပဲခင်ဗျ၊ ဒါ. . ဒါပေမယ့် ပါးစပ်က ပြောမထွက်လို့ပါ"

"အခုပြောလိုက်စမ်း၊ ငါရှိတယ်. . ပြော"

"ဟုတ်. . ဟုတ်ကဲ့. . ပြောပါ့မယ်၊ မမတင်တင်မေဝင်းက မေမေကြီးနဲ့မမလေးကို (၄၅)ရက် ဟင်းဒီးကတ်. . အဲ. . အချိန်အကြောပေးတယ်တဲ့၊ အဲ့ဒီရက်အတွင်း ကိုရဲကိုကို ရအောင်ကျုံးသွင်းသိမ်းပိုက်ပါတဲ့၊ မမလေး ရသွားရင် ကိုရဲကိုမျက်နှာကို ထောက်ပြီး ဖြစ်ခဲ့တာကို အားလုံးသင်ပုန်းချေပေးမယ်တဲ့၊ (၄၅)ရက်ကျော်လို့မှ မသိမ်းသွင်းနိုင်ရင်တော့. . က. . ကလဲ့စားချေမယ်တဲ့၊ အဲ့. . အဲ့ဒါ ပြောပါတယ်၊ ကျွန်. . ကျွန်တော်ပြော. . ပြောမထွက်လို့"

"ဒါဟာ ကျွန်မဘဝရဲ့တကယ့်အလောင်းအစားပွဲပါပဲ၊ ဒီမနက်(၁၀)နာရီမှာ (၄၅)ရက်ပြည့်သွားပါပြီ၊ ဒါကြောင့် အားလုံးဖွင့်ချပြပါတော့မယ်၊ အာရှစ် ပြောမထွက်တဲ့အကြောင်းက ဟောဒီမှာပါ"

ဆလင်းဘတ်ချ်ထဲက ဓါတ်ပုံကြီးတစ်ပုံ ဆွဲထုတ်လိုက်သည်။

"မြောက်ဒဂုံက ကျွန်မသူငယ်ချင်း အေးသီတာနဲ့မာလာ ဖွင့်ထားတဲ့ သရဖူတည်းခိုခန်းပါ၊ ပုံရှေ့ပိုင်းက ဆိုက်ကနပ်ကားပေါ်က ဆင်းပြီး ပခုံးဖက်ဝင်လာတဲ့အတွဲကို ကျောကုန်းမြင်တာနဲ့ သိနိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ မကျေနပ်ရင် ခါးဖက်ပြီး ပြန်ထွက်လာတဲ့ပုံ၊ ဟောဒီမှာ မျက်နှာတွေ"

မော်လီ မျက်နှာအုပ်ပြီး အပေါ်ထပ် တက်ပြေးတော့သည်။

"ဟင်. . အာရှစ်. . နင်. . နင်နဲ့မော်လီ. ."

ဒေါ်စန်းစန်း ကုန်းရုန်းထပြီး ဆိုဖာပေါ် ပျော့ခွေကျသွားသည်။ နွေးနွေးက ပြေးပွေ့သည်။

"နွေးနွေး ထားလိုက်၊ အဲ့ဒါ သရုပ်ဆောင်နေတာ၊ သူ မမကို ရင်မဆိုင်ရဲတာ၊ သူ ဘာရောဂါမှ မရှိဘူး၊ ဘယ်ရင်ဆိုင်ရဲမှာလဲ၊ မေမေ ယုံလို့ အပ်လိုက်တဲ့ ဂွမ်းစိုတဲ့ပတ္တမြားကြီးကို ယူနန်မှာ ဒေါ်လာသုံးသန်းနဲ့ ရောင်းပြီး အပြီးပြောင်းပြေးခဲ့တဲ့ နာမည်ကျော် ပွဲစားဒေါ်စန်းစန်းလေ၊ မေမေဟာ အဲ့ဒီသောကနဲ့ပဲ အိပ်ရာထဲ လဲပြီး ပြန်မထဘဲ သေရွာလားခဲ့ရတာ သူသိတယ်၊

ဒေါ်စန်း. . . ရှင်ကြားတယ်၊ ဝန်ခံရင် သင်ပုန်းချေပေးမယ်၊ ဝန်မခံရင်တော့ ကျွန်မအဆိုးမဆိုနဲ့"

"အင်း. . အဲ. . ဝန်. . ဝန်ခံပါတယ်၊ အန်. . အန်တီလည်း နေ့တထိတ်ထိတ် ညတထိတ်ထိတ်ဘဝက လွတ်ချင်ပါပြီ သမီးရယ်၊ တ. . တရားစခန်း ဝင်ချင်တာ ကြာပါပြီ၊ တ. . တစ်ခုလိုက်လျော ပေးပါ သမီးရယ်နော်၊ အန်တီ တောင်းပန်ချင်တာက. . ဒီ. . ဒီ တိုက်နဲ့ ကားကို သမီးရသင့်တဲ့ဝေစုအဖြစ် လက်သင့်ခံပေးပါ၊ အပြီး





လွှဲပေးပါ့မယ်၊ စာချုပ်လည်း အဆင်သင့်ပါပဲ"

"ကျွန်မ ရထိုက်တယ်၊ ယူကိုယူရမယ်၊ ကျွန်မ ရှေ့နေခေါ်မယ်၊ ရှင်တို့ရှေ့နေလည်း ခေါ်ပါ"

ရှေ့နေတွေဆီ ဖုန်းဆက်ခေါ်ထားစဉ် ဒေါ်စန်းစန်းက စားဖွယ်သောက်ဖွယ်များနှင့် ရွှန်းရွှန်းဝေ ညှေ့ခံပါလေသည်။

"အန်တီစန်းကို သမီးခွင့်လွှတ်ပါတော့ကွယ်၊ လောဘဇောတိုက်မိတဲ့အပြင် ကျေးဇူးရှင် မမမေဝင်းကို ငါစော်ကားမိလေခြင်းလို့ နောင်တရနေတာ ကြာပါပြီ၊ မမမေကို ခဏခဏ အိပ်မက်,မက်တယ်၊ အိပ်မက်ထဲမှာ မမမေက ရန်ဘက်သတ္တုမပြုတဲ့အပြင် ခွင့်လွှတ်တဲ့အပြုံးနဲ့ချည်း လက်ပိုက်ပြီး ကြည့်ကြည့်နေတယ်၊

အန်တီစန်း အိပ်ရာက ချွေးတွေ ပြန်ပြီး နိုးလာတိုင်း ငိုခဲ့ရပါတယ်ကွယ်၊ ခုတော့ အဲ့ဒီဝဋ်က သမီးကြောင့် ကျွတ်ခဲ့ရပါပြီ၊ သြော် မကောင်းမှုဆိုတာ နောင်ဘဝထိတောင် မနေဘူးနော်၊ ဒီဘဝမှာတင် မိဌမမွ ငရဲကျတော့တာပါလား"

ရှေ့နေများ ရောက်လာကြသည်။

တင်တင်မေဝင်းက. . .

"ကိုရဲ မှတ်ပုံတင်နံပါတ်လေး တဆိတ်ပြောပါ"

သက်သေလက်မှတ်ထိုးရမည်ထင်၍ ပြောလိုက်သည်။

"အိမ်ရော ကားရော ဦးရဲကိုနာမည်နဲ့ စာချုပ်ချုပ်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ရှင်"

"ဗျာ. . . မဟုတ်တာဗျာ၊ ကျွန်တော်နဲ့ ဘာမှမပတ်သက်ဘူးလေ၊ မလုပ်ပါနဲ့ မေ"

"ဟင့်အင်း. . . ရေးပါ ရွှေနေမင်း၊ ဦးရဲကို,ကို ကျွန်မ လျော်ကြေးပေးစရာ ရှိနေလို့ပါ"

"ဘာလျော်ကြေးလဲဗျ"

"ယတြာလျော်ကြေးလေ. . . ကိုရဲဘဝတစ်ခုလုံးနဲ့ ပုံပြီး ကျွန်မ. . အဲ. . မေ ယတြာချေပစ်ခဲ့တဲ့နစ်နာကြေးပါ၊ လက်ခံပါ၊ ပြီးတော့ ဒီအိမ် ဒီကားကလည်း ကိုရဲကြောင့် ကျွန်မ ပြန်ရတာပါရှင်"

"မယူဘူးဗျာ. . . ကျွန်တော်လိုချင်တာ ဒါမဟုတ်ဘူး"

"ကဲ. . . ဒါဆို ရွှေနေမင်းတို့နဲ့ ခရိုမီယမ် မိသားစုရှင့်၊ စားရင်းသောက်ရင်း ခဏစောင့်ပေးပါ၊ ကိုရဲနဲ့ကျွန်မ နှစ်ယောက်ချင်း ဆွေးနွေးစရာလေး ရှိလို့ပါ"

"ရပါတယ်ခင်ဗျာ. . အချိန်လုံလုံလောက်လောက် ယူကြပါ၊ ပစ္စည်းပစ္စယ တန်ဖိုးက ကာလပေါက်ဈေး နည်းမှမနည်းတာ၊ သောက်ရင်းစားရင်း စောင့်ရတာပဲ. . ဟဲ. . ဟဲ"

နှစ်ယောက်သား လူရှင်းရာ ခြံနောက်ဘက်ရှိ စိန်ပန်းပင်အောက်ရှိ ခုံတန်းလျားလေးဆီ ရောက်လာကြသည်။ လက ထိန်ထိန်ပြာနေသည်။ အတွေးကိုယ်စီနှင့် ခဏတာ ငြိမ်ဆိတ်စွာ ထိုင်နေကြ





သည်။ လာပြန်ပြီ ချစ်သူ၏ကိုယ်သင်းနံ့။ သူ လိုက်ခနဲ တရှိုက်မက်မက် ရှူပေး ကြုမ္မေးလိုက်မိသည်။

"ဂျပန်မှာ ပျော်ခဲ့လား မေ"

"အဲ့ဒါ ပြောချင်နေတာ ကို၊ သူ အလည်ခေါ်သွားတဲ့ အကြောင်းရင်းကို ဟိုကျမှ သိရတော့တာပါ၊ သူက ဌာနမှူးအိမ်မှာ တည်းတာလေ၊ ဆယ်ကျော်သက်ဌာနမှူး သမီးလေးနဲ့ သူငြိနေတယ်၊ သူတို့နိုင်ငံသူတွေက ပွင့်လင်းလွန်းတယ်လေ၊

မဖြစ်နိုင်ဘူး၊ သူ့မှာ ရည်ရွယ်သူ ရှိကြောင်း မေ့ကို ခေါ်ပြတာ၊ ဖြစ်ချင်တော့ မိုက်ရူးရဲ ကလေးမလေးက ကိုယ်ဝန်ရှိနေပြီတဲ့၊ ကောင်မလေးအဘိုးကလည်း မြန်မာပြည် စစ်ပြန်ကြီး၊ မြန်မာကို သိပ်ချစ်တာ၊ မချစ်ဘဲ နေမလား၊ မြန်မာပြည်အပါအဝင် အာရှတခွင် ပြိုပြစင်အောင် သူတို့ ရိုင်းစိုင်းရက်စက်ထားတာကို မေ့ပစ်ပြီး ဒုက္ခရောက်နေတဲ့သူကို ပြန်ပြီးကူညီ ကယ်တင်တယ်၊ နွေးနွေးထွေးထွေး ထမင်းကျွေး၊ ဖွက်ထားပေးတာက မြန်မာလူမျိုးတစ်မျိုးပဲ ရှိတာတဲ့၊

အင်မတန် မေတ္တာတရားကြီးမားတဲ့လူမျိုးလို့ အဘိုးက သူ့မြေးကို ငယ်ငယ်ကတည်းက ရိုက်သွင်းထားတော့ သူ့အိမ်လာတည်းတဲ့ ကိုရွှေဗမာကို ကောင်မလေးက ဇွတ်အတင်းဝင်တိုးပါသတဲ့၊

တစ်ည ဆာကေးမူးမူးနဲ့ ဖြစ်သွားတော့တယ်တဲ့၊ နောက်တော့ မမူးလည်း ဆက်ဖြစ်နေခဲ့သတဲ့၊ ဟိုက. . မယူလည်းနေ. .



www.burmeseclassic.com

www.burmeseclassic.com



ဗမာသွေး မွေးရရင် ကျေနပ်ပြီလေ၊ ဒါပေမယ့် ကိုယ့်လူက ဗုဒ္ဓဘာသာ ထေရဝါဒစစ်စစ်လေ၊ ယူကိုယူမယ်တဲ့၊

အဲ့ဒါပါပဲ. . . မေတစ်ယောက်တည်း ပြန်လာခဲ့တယ်၊ ထူးဆန်းတာက သူ့အဖြစ်ကို သိသိချင်း ကိုယ်ဝမ်းနည်းရမယ့်အစား ရင်ထဲ စိတ်ထဲ ပျော်နေတာကို ကိုယ့်ဟာကိုယ် သိလိုက်ရတာပါပဲ၊ အဲ့ဒါ ဘာဖြစ်လို့လဲ သိလား"

"မသိဘူး"

"အချစ်ဦးနဲ့ ရေခြားမြေခြားအောင် လွဲပြီးမှ ဒုတိယအကြိမ် ဒုတိယအချစ်အနေနဲ့ လွတ်လွတ်ကျွတ်ကျွတ် ပြန်ချစ်ခွင့်ရလို့ပေါ့ရှင့်ကဲ. . . သိပလား!"

"မသိဘူး"

မျက်စေ့ပိတ်၊ နားပါ လက်နှစ်ဖက်နှင့် သူပိတ်ထားသည်။

"နွေးနွေးပြောတယ်၊ မူးပြီး အော်အော်ငိုနေတယ်ဆို"

"မသိဘူး. . မကြားဘူး"

"ကရော်. . ကရော်. . ရှက်ပါတယ်ဟေ့၊ ကလေးမဟုတ် သူငယ်မဟုတ် အော်ငိုတယ်တဲ့၊ မေ့နာမည်ကိုလည်း တကြော်ကြော် ခေါ်တယ်တဲ့"

"ဆက်ပြောရင် တွေ့စက ရုံးခန်းထဲကလို. . ကဲဟာ"

သူက အဖက် တလက်လက် မီးတွေ လင်းလာသည်။ သူက



BURMESE CLASSIC .com



ဆက်ဖက်ထားသည်။ နောက်ဖေးတံခါးမှ မင်းသိင်္ချား ခေါင်းပြူထွက် လာသည်။ ခဏလေးကွာ။

"ဟိုသားအမိတွေ ပါဝါကုန် လွှဲပြောင်းလက်မှတ်ထိုးပြီး နောက်ဆုံးဘီလ် သိန်းတစ်ရာ့နှစ်ဆယ် ရှင်းပြီး လစ်သွားပြီ ငရဲရေ့"

မင်းသိင်္ချား ခေါင်းပြန်ဝင်သွားသည်။ နောက်တစ်ခေါင်း ပေါ်လာသည်။ ကိုကြီးရဲ ဖြစ်သည်။

"ဟော့ကောင်လေး. . ရှေ့နေတွေက ဘယ်သူ့နာမည်နဲ့ စာချုပ်ရမလဲတဲ့. . . မေးနေပြီ"

"ကျွန်တော်တို့နှစ်ယောက်စလုံးနာမည်နဲ့ ချုပ်မယ်လို့ ပြောလိုက်ပါ ကိုကြီးရဲ"

"အေး. . . ကောင်းတယ်၊ ငါမီးပြန်မှိတ်ပေးမယ်. . . ဆက်လုပ်"

ဖျတ်ခနဲ နောက်ဖေးမီး ပြန်မှိတ်သွားသည်။ လရောင်သည် ပို၍လင်းဖြာ ပြာဆင်းလာ၏။ ချစ်သူကိုယ်သင်းနံ့ကို တစ်ဝရှိုက်ရင်း ထိုရနံ့ထွက်ပေါ်ရာ ခန္ဓာကိုယ်အိအိကို ဖွဖွ ဖိဖက်ရင်း ချစ်သူ၏ ကြာညိုနံ့သင်းသော ခံတွင်းအဝဆီ တဖြည်းဖြည်း. . . တဖြည်းဖြည်း. . .

မီးဖိုခန်းပြတင်းမှာတော့ ခေါင်းသုံးလုံး နေရာလုနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါ နွေးနွေးတို့အလှည့်. . . ကိုကြီးရဲ ဖယ်"

"အောင်မယ်. . . ငါလည်း ဝါသနာပါတာပဲ၊ ပြတင်းပေါက်က အကျယ်ကြီးပါဟယ်"

"ဟုတ်ပါတယ်. . . ဒါပေမယ့် လူကြီးနဲ့အတူချောင်းရတာ ဖီးလ်ကွေးတယ်"

"ဒီနေရာမှာ လူကြီးလူလေး မရှိဘူး၊ အားလုံးဝါသနာတူတွေချည်းပဲ၊ လာ. . . တူတူပဲ ချောင်းမယ်"

"ကောင်းရောကွာ. . . ကောင်းခန်းရောက်မှ"

အလိုက်သိသော တိမ်ညိုတစ်ဆုပ် လကို ဖုံးအုပ်လိုက်လေသည်။ မိုက်ခနဲ မှောင်သွားသည်။ တချို့က မှောင်မှ ကြိုက်သည်လေ။


လို၍မရခြင်းကင်းပါစေ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com